# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (12-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၊ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း၊ဆွမ်းဆန်တော်နှင့် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၂ ခုနှစ် ဇူလိုင် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝသယံဇာတသစ်တောများ ပြုန်းတီးမှုလျော့နည်းရေး

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံးရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် သစ်ပင်သစ်တောများ မပြုန်းတီးရေးနှင့် တိုးပွားစေရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းအစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် သဘာဝသယံဇာတသစ်တောများ၏ ပြုန်းတီးမှုလျော့နည်းရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောများ တစ်စတစ်စ ပြုန်းတီးလာခြင်းနှင့်အတူ ရာသီဥတုဆိုးရွားလာပြီး မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာကာ ရေချိုများခန်းခြောက်လာသည်ကို တွေ့ရသည်။ ထို့ပြင် မြေဆီလွှာများ ပျက်စီးပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း အစရှိသည့်ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ဂေဟစနစ်ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများအသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေကြရပြီဖြစ်သဖြင့် သစ်တောများမပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို လုပ်ဆောင်သွားရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် လူဦးရေ ၅၅ သန်းကျော်ရှိပြီး နိုင်ငံအကျယ်အဝန်း၊ မြေအနေအထား၊ ရာသီဥတု၊ မြစ်ချောင်းများတည်ရှိမှုအရ မြေပေါ်သယံဇာတဖြစ်သည့် သစ်တောများအခြေခံသောစက်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ သစ်တောထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းကို တိတိကျကျ စနစ်တကျဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏အဖိုးတန်သစ်တောများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်များ ပြန်လည်ပြုစုထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာကာလ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၁၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိသည်။

သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများသည် ကဏ္ဍစုံတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းရရှိနိုင်ခြင်းဖြစ်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေသည်။ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်မှလည်း ကာကွယ်ပေးနိုင်သည်။ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ချမှတ်ထားသော မြန်မာ့သစ်တောမူဝါဒကို အခြေခံပြီး သစ်တောများကို စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် အစရှိသည့် အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့်ရှုမြင်ပြီး စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ပုသိမ်ကြီးမြို့နယ် ကျွဲစွန်းဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်းမျိုးစိုက်ထည့်




**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် ပုသိမ်ကြီးမြို့နယ် ကျွဲစွန်းဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို ယနေ့နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ လေးသိန်းတို့ကို စိုက်ထည့်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်နိုင်ခြင်းကြောင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ပြီး ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ထဲကို ငါးမျိုးတွေ စိုက်ထည့်ပေးတာကြောင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ငါးသယံဇာတတွေ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဝင်ငွေရရှိစေမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေဖို့နဲ့ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေဖို့ကို ရည်ရွယ်ပြီးတော့ သဘာဝရေပြင်မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တွေအတွင်းကို ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ် စိုက်ထည့်ပေးနေပါတယ်။ ဒီနေ့မှာလဲ ပူးပေါင်းအဖွဲ့တွေနဲ့ ဧရာဝတီမြစ်ထဲကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သုံးသိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ လေးသိန်း၊ ရေနံ့သာ ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သုံးသိန်းကို စိုက်ထည့်ပေးခဲ့ကြောင်း၊ မျိုးစိုက်ထည့်ခြင်းကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပုသိမ်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းနှင့် ကျောက်ဆည်တို့မှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းဒေသနှင့် ကျောက်ဆည်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ခရမ်းသီးများသည် ရှမ်းပြည်နယ်အတွင်း အောင်ပန်းဒေသနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ဒေသတို့မှထွက်ရှိပြီး မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဈေးနှုန်းများမှာ အောင်ပန်း ခရမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၊ ကျောက်ဆည်ခရမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ဈေးရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီး အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသဘက်နဲ့ ကျောက်ဆည်ဒေသဘက်ကခရမ်းသီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ ဝင်ရောက်လာတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှု မရှိသေးပါဘူး။ ကုန်စိမ်းသီးနှံတွေကတော့ ဈေးကို ပုံမှန်ဝင်ရောက်နေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်၊ ဂေါ်ရခါး၊ အာလူး စသည့်သီးနှံများလည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ (၁၈၅)

# မန္တလေးကျုံးအတွင်းသို့ ရေသွင်းပေးနေသည့် ရေစစ်ကန်တွင် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းများပြုလုပ်ပါက ဒဏ်ရိုက်အရေးယူသွားမည်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးကျုံးအတွင်းသို့ ရေသွင်းပေးနေသည့် ရေစစ်ကန်တွင် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းများပြုလုပ်ပါက ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရေစစ်ကန်မှ ရေများကိုစစ်၍ ကျုံးအတွင်း ရေသွင်းပေးလျက်ရှိရာ ၎င်းရေစစ်ကန်အတွင်း ရေညစ်ညမ်းမှုဖြစ်စေသည့် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ ရေကူးခြင်း စသည်တို့ပြုလုပ်ပါက ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေစစ်ကန်ကနေ ရေတွေကို သန့်စင်ပြီးတော့ ရေနီမြောင်းကနေ တစ်ဆင့် မန္တလေးကျုံးအတွင်းကို ရေသွင်းပေးနေတယ်။ ကျုံးကနေ တစ်ဆင့် အများပြည်သူအဆင်ပြေဖို့ ကျုံးရေကို ပိုက်လိုင်းတွေနဲ့ ပြန်ပြီးဖြန့်ဝေပေးတယ်။ ဒီလို အရေးပါတဲ့ ရေစစ်ကန်အတွင်းကို ရေညစ်ညမ်းစေမဲ့ အဝတ်လျှော်တာမျိုးတွေ၊ ရေချိုးတာတွေ၊ ငါးမျှားတာတွေ လုံးဝမလုပ်ကြဖို့ လိုပါတယ်။ တကယ်လို့ သတ်မှတ်စည်းကမ်းကိုလိုက်နာမှုမရှိဘဲ စည်းကမ်းဖောက်ဖျက်ရင် ထိထိရောက်ရောက် အရေးယူသွားမှာပါ"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ ရေစစ်ကန်တွင် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိပါက ပြစ်မှုအမျိုးအစားပေါ် မူတည်၍ ငွေကျပ် ၅၀၀၀၀ မှ ငွေကျပ် ၃၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်မာနိုင်ငံကိုဖြတ်သန်းဖောက်လုပ်ခဲ့သည့် သမိုင်းဝင်လမ်းမကြီးနှစ်သွယ်

မောင်သာ(ရှေးဟောင်းသုတေသန)

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံကို ဖြတ်သန်းဖောက်လုပ်ခဲ့သော လမ်းမကြီးနှစ်သွယ်သည် ကမ္ဘာကျော်စစ်သုံးလမ်းမကြီးများအဖြစ် ယနေ့တိုင် ထင်ရှားခဲ့သည်။ တစ်ခုသောလမ်းမှာ မြန်မာလမ်းမကြီး ဟုထင်ရှားကျော်ကြားသည့် Burma Road ဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်းကို သွယ်တန်းလျက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ် လားရှိုးမြို့တို့ကို ဆက်သွယ်ထားသည်။ ၎င်းလမ်းမကြီးကို မြန်မာနိုင်ငံသို့ ဂျပန်တို့ဝင်ရောက်မလာမီ ဖောက်လုပ်ခဲ့သည်။

ဒုတိယလမ်းမှာ လီဒိုလမ်းမ(Ledo Road)ဟု ထင်ရှားပြီး အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့ကို မြန်မာနိုင်ငံ ကချင်ပြည်နယ် ရှင်ဘွေယန်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့တို့ကို ဖြတ်သန်းဖောက်လုပ်ထားသည့်လမ်းဖြစ်သည်။ အဆိုပါလမ်းမကြီးများသည် ယခုအချိန်တွင် အသုံးပြုခြင်းမရှိတော့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော ဗျူဟာလမ်းကြီးများအဖြစ် သမိုင်းတွင်ရစ်ခဲ့ပေသည်။

**မြန်မာလမ်းမ**

မြန်မာလမ်းမ(Burma Road)သည် ၇၁၅ မိုင်ခန့်ရှည်လျား၍ ကြမ်းတမ်းသော တောင်စွယ်တောင်တန်းများကို ဖြတ်သန်းဖောက်လုပ်ထားသည်။ ကူမင်းနှင့် မြန်မာနိုင်ငံနယ်စပ် လမ်းဖြတ်ပိုင်းကို ဒုတိယတရုတ်-ဂျပန်စစ်ပွဲကာလအတွင်း ၁၉၃၇ ခုနှစ်တွင် မြန်မာ-တရုတ် လုပ်သားအင်အား နှစ်သိန်းကျော်ဖြင့် စတင်ဖောက်လုပ်ခဲ့ကာ ၁၉၃၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မြန်မာလမ်းမကို ဒုတိယကမ္ဘာစစ်အတွင်း၌ ဗြိတိသျှတို့က တရုတ်နိုင်ငံသို့ စစ်ဘက်ထောက်ပံ့ရေးပစ္စည်းများပို့ရာတွင် အဓိကအသုံးပြုခဲ့သည်။ ဗြိတိသျှတို့သည် ထောက်ပံ့ရေးပစ္စည်းများကို ရန်ကုန်မှ လားရှိုးသို့ မီးရထားဖြင့်သယ်ယူခဲ့ပြီး မြန်မာလမ်းမကြီးမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့သည်။

မဟာမိတ်တပ်များက ဂျပန်ကို ခုခံတိုက်ခိုက်နေသော ကူမင်တန်တရုတ်တပ်များထံသို့ မြန်မာလမ်းမကြီးကိုအသုံးပြုကာ လက်နက်များ၊ ရိက္ခာများပေးပို့ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သောအခါတွင် လားရှိုးမြို့မှ ကူမင်းမြို့ထိ ဖောက်လုပ်ထားသော မြန်မာလမ်းမကို ဂျပန်တို့က မဟာမိတ်တပ်များ ဆက်လက်အသုံးမပြုနိုင်ရန် ဖြတ်တောက်ခဲ့သည်။

မြန်မာလမ်းမပိတ်သွားချိန်တွင် မဟာမိတ်တို့သည် ကူမင်တန်တပ်များထံ အထောက်အပံ့များဆက်လက်ပေးပို့နိုင်ရန် လမ်းကြောင်းအသစ်တစ်ခုအလျင်အမြန်လိုအပ်လာခဲ့သည်။ ဗြိတိသျှတို့သည် လမ်းအသစ်မရှိသေးမီက အမေရိကန်လေယာဉ်များဖြင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့အထက်ပိုင်းကိုဖြတ်သန်း၍ ကူမင်းသို့ စစ်လက်နက်နှင့် ရိက္ခာများကို ပေးပို့ခဲ့သည်။

မြင့်မားသော ဟိမဝန္တာတောင်တန်း၏ ကြမ်းတမ်းသောရာသီဥတုကြောင့် အိန္ဒိယ-မြန်မာ-တရုတ် လေယာဉ်လမ်းကြောင်းသည် အလွန်အန္တရာယ်ကြီးမားခဲ့ကာ လေယာဉ်မောင်းသူများက ၎င်းလေကြောင်းလမ်းကို The Hump ဟု ခေါ်ခဲ့ကြသည်။ ထိုလမ်းကြောင်းမှဖြတ်သန်းစဉ် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း အမေရိကန်လေယာဉ် ၄၆ စင်း ပျက်ကျခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဂျပန်တို့အင်အားကောင်းပြီး ဗြိတိသျှတို့က မြန်မာနိုင်ငံမှ ဆုတ်ခွာနေရချိန်တွင် ထောက်ပံ့ရေးလမ်းကြောင်းတစ်ခု ဖောက်လုပ်ရန် အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်(General Joseph Stilwell) ဦးဆောင်မှုဖြင့် SOS (Service of Supply) အဖွဲ့ကိုဖွဲ့စည်းပြီး အိန္ဒိယနိုင်ငံ လီဒိုမြို့မှ မြန်မာပြည်မြောက်ပိုင်းကိုကျော်ဖြတ်၍ တရုတ်နိုင်ငံ ကူမင်းမြို့ထိ လမ်းတစ်ခုဖောက်လုပ်ရန်စီစဉ်ခဲ့သည်။ လီဒိုမြို့ကို ရွေးချယ်ရခြင်းမှာ လီဒိုမြို့သည် ကာလကတ္တားမြို့မှလာသည့် မြောက်ဘက်ရထားလမ်းဆုံးမြို့နှင့်နီးစပ်ပြီး မြန်မာနိုင်ငံမြောက်ဖျားပိုင်းမှ တောင်ပတ်လမ်းတစ်ခု၏အဆုံးနှင့်လည်း နီးကပ်နေသောကြောင့်ဖြစ်သည်။

**လီဒိုလမ်းမ**

လီဒိုလမ်းမသည် အာသံပြည်နယ် လီဒိုနှင့် မြန်မာနိုင်ငံ မြစ်ကြီးနားကိုဆက်သွယ်ကာ မြန်မာလမ်းမကြီးနှင့် ဝမ်ဒင်ဇမ်တွင် ပေါင်းဆုံသည်။ လီဒိုလမ်းမကြီးကို ဖောက်လုပ်နိုင်ခဲ့သည့်အတွက် မဟာမိတ်များသည် ခြောက်လအတွင်း ရိက္ခာတန်ချိန် ၇၁၀၀၀ ကို လီဒိုလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်နိုင်ခဲ့သည်။



ကောင်းကင်ဓာတ်ပုံဖြင့် ရိုက်ကူးထားသည့် လီဒိုလမ်းမကြီးကို တွေ့ရစဉ်။

၁၉၄၅ ခုနှစ်တွင် တရုတ်ခေါင်းဆောင်ချန်ကေရှိတ်၏တောင်းဆိုချက်အရ လီဒိုလမ်းမကြီးကို ဦးစီးဖောက်လုပ်ခဲ့သူ အမေရိကန်ကြည်းတပ်ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကိုဂုဏ်ပြုသောအားဖြင့် စတီးဝဲလ်လမ်းဟု အမည်ပြောင်းခဲ့သည်။

မဟာဗျူဟာကျသော လီဒိုလမ်းမကြီးကို တည်ဆောက်ခဲ့ရာတွင် လူပေါင်း ၆၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၄၈ သန်း သုံးစွဲခဲ့သည်။ လမ်းမကြီးကို ဖောက်လုပ်ခဲ့သော အမေရိကန်အင်ဂျင်နီယာများသည် သားရဲတိရစ္ဆာန်များ၊ ငှက်ဖျားရောဂါနှင့် ရွှံ့ညွှန်အိုင်များပြည့်နှက်နေသောတောနက်ကြီးများကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ အင်ဂျင်နီယာများသည် အိန္ဒိယနိုင်ငံနယ်စပ်အနီး လီဒိုမြို့မှ ဟူးကောင်းတောင်ကြား၊ ပန်ဆောင်တောင်ကြားကိုဖြတ်ကာ ဗန်းမော်မှတစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်နှင့် ကူမင်းသို့ ဖောက်လုပ်ခဲ့သည်။

အမေရိကန်တို့သည် အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနိုင်ငံသားများနှင့် မြန်မာနိုင်ငံမှ နာဂ၊ ကချင်၊ ရှမ်းတိုင်းရင်းသားများ၊ တရုတ်အလုပ်သမား အင်အား ၂၅၀၀၀ ဖြင့် မိုင် ၁၀၀၀ ကျော်အရှည်ရှိသော လမ်းမကြီးကို နှစ်နှစ်ကြာဖောက်လုပ်ခဲ့သည်။ လီဒိုလမ်းမကြီးကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ဖောက်လုပ်ပြီး ၁၉၄၅ ခုနှစ် မေ ၂၀ ရက်တွင် တရားဝင် ဖွင့်လှစ်ခဲ့သည်။

လီဒိုလမ်းမမှ ပထမဆုံးဖြတ်သန်းမောင်းနှင်လာသော ထရပ်ကားသည် တရုတ်ရှေ့တန်းနယ်မြေသို့ ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ရောက်ရှိခဲ့သည်။

လီဒိုလမ်းဖောက်လုပ်ပြီးနောက် ပထမဆုံးထောက်ပံ့ယာဉ်တန်း ၁၁၃ စီးသည် လီဒိုမြို့မှ ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် စတင်ထွက်ခွာလာခဲ့ကာ ကူမင်းမြို့သို့ ဖေဖော်ဝါရီ ၄ ရက်တွင် ရောက်ရှိခဲ့သည်။

လီဒိုလမ်းမကြီးကို တရုတ်၊ အိန္ဒိယ၊ ဗြိတိသျှတပ်များ စစ်လက်နက်၊ ရိက္ခာသယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုခဲ့ပြီး လီဒိုလမ်းမတည်ဆောက်စဉ် အမေရိကန်စစ်သား ၁၁၀၀ ကျော်နှင့် ထောင်ပေါင်းများစွာသော ဒေသခံတို့ သေဆုံးခဲ့ကြသည်။ မဟာမိတ်တို့၏ စစ်ဗျူဟာအရဖောက်ခဲ့သောလမ်းကို ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် စစ်အင်ဂျင်နီယာများသည် ခက်ခက်ခဲခဲ ဖောက်ခဲ့ကြရသည်။ လီဒိုလမ်းမကြီးကို စစ်တိုက်ရင်းလမ်းဖောက်၊ လမ်းဖောက်ရင်း စစ်တိုက်ဖြင့် တစ်နေ့တစ်မိုင်မျှပြီးစီးရန် အထူးကြိုးပမ်းဖောက်လုပ်ခဲ့ကြရသည်။ ဖျားနာရင်းသေကြ၊ စစ်တိုက်ရင်းကျဆုံးကြဖြင့် တောတောင်ထူထပ်ပြီး မတ်စောက်သောတောင်တန်းနှင့် ချောက်ကမ်းပါးများကြား၌ အသက်သွေးချွေးများရင်းကာ ဖောက်ခဲ့ရသည့် လီဒိုလမ်းမကြီးသည် ဒုတိယကမ္ဘာစစ်သမိုင်းတွင် ထင်ရှားခဲ့သည်။

လီဒိုလမ်းမကြီးကို အချို့နေရာများတွင်ချောင်းရိုးတစ်လျှောက်တောင်နံရံဘေးတွင် ဖြတ်ဖောက်ထားသဖြင့် စစ်ယာဉ်တန်းများ ရေဖြည့်ရန်လွယ်ကူခဲ့သည်။ ယခင်က လမ်းတစ်လျှောက်တွင် စက်သုံးဆီအလွယ်တကူဖြည့်နိုင်ရန် သံပိုက်လိုင်းများ တောက်လျှောက်သွယ်တန်းခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါသံပိုက်လိုင်းများပျက်စီးကုန်ပြီဖြစ်သည်။ လီဒိုလမ်းမကိုဖောက်လုပ်ခဲ့သောနေရာများသည် အမြဲစိမ့်အေးနေပြီး အဖိုးတန်သစ် ပေါက်ရောက်ခြင်းမရှိသော ကြိုးပြင်သစ်တောဒေသဖြစ်သည်။

မဟာမိတ်များသည် လေယာဉ်ဖြင့်လမ်းအူကြောင်းရှာရာတွင် လေယာဉ်ပေါ်မှ လောင်စာဆီများသွန်ချပြီး မီးရှို့ခြင်းဖြင့် လမ်းအူကြောင်းဖော်ခဲ့ကြသည်။ ထိုနေရာသည် ကြိမ်ဝါးများသာ အများဆုံးပေါက်သဖြင့်လမ်းက ဖြောင့်ဖြူးနေခဲ့သည်။ လီဒိုလမ်းမ၏ မတ်စောက်သောအတက်လမ်းသည် ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဘွေယန်မှစတင်သည်။ ရှင်ဘွေယန်မှ ၁၈ မိုင်စခန်းထိ အတက်ချည်းသာဖြစ်သဖြင့် ကုန်တင်ယာဉ်၊ ရိက္ခာပို့ယာဉ်များသည် ငယ်သံပါအောင် အသံမြည်ကာတက်ကြရသည်။ သို့သော် လီဒိုလမ်းမကြီး၏ ကချင်ပြည်နယ် တနိုင်းမှ ရှင်ဘွေယန်ကြားလမ်းပိုင်းသည် အတက်အဆင်းတချို့နှင့် ချောင်းတချို့ရှိသော်လည်း ဖြောင့်ဖြူးသည်။

**လီဒိုလမ်းဖောက်လုပ်မှုသမိုင်း**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းအာသံပြည်နယ် လီဒိုမြို့မှ စတင်ဖောက်လုပ်ထားခြင်းကြောင့် လီဒိုလမ်းသည် ၁၀၇၉ မိုင်ရှည်လျားပြီး မြန်မာ-တရုတ် နယ်စပ်အနီး မုံးယုမြို့နှင့် မြန်မာနိုင်ငံ မူဆယ်မြို့အနီးတွင် မြန်မာလမ်းမကြီးနှင့် ပြန်ဆုံမိကြသည်။

လီဒိုလမ်းသည် အိန္ဒိယပြည်အတွင်း လီဒိုနှင့် နမ်ပေါင်းမြို့တို့ကို ဖြတ်သန်းပြီး ကချင်ပြည်နယ်၌ ရှင်ဘွေယန်၊ နမ္မတီး၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ရှမ်းပြည်နယ်မှ နမ့်ခမ်းနှင့် မုံးယုမြို့တို့ကို ဖြတ်သွားသည်။ လီဒိုလမ်းကို ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် စစ်အင်ဂျင်နီယာ ဗိုလ်မှူးကြီး လူးဝစ်စ်အေပစ်တို့က ဦးစီးကြီးကြပ်ဖောက်လုပ်ခဲ့သည်။ လီဒိုလမ်းဖောက်လုပ်ရေးလုပ်ငန်းသည် ဒုတိယကမ္ဘာစစ်အတွင်း စစ်အင်ဂျင်နီယာတပ်ကို ပေးအပ်ခဲ့သော အခက်အခဲဆုံးသောတာဝန်တစ်ရပ်ဟု ဗိုလ်မှူးကြီးပစ်က မှတ်ချက်ချခဲ့သည်။

ပထမဆုံးလမ်းပိုင်း ၁၀၃ မိုင်အရှည်ကို လီဒိုမြို့မှ စတင်ခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် ကချင်ပြည်နယ် နယ်စပ်မှ တောတောင်ထူထပ်ပြီး ကြမ်းတမ်းမြင့်မားသော ပန်ဆောင်တောင်ကြားကို ဖြတ်ကျော်ခဲ့ရာ အချို့နေရာများသည် အမြင့်ပေ ၄၆၀၀ ထိရှိသည်။ အူရောင်ငန်းဖျား၊ တုပ်ကွေး၊ ငှက်ဖျားရောဂါများ ထူထပ်ပြီး မိုးရေချိန်များသည့် ပန်ဆောင်တောင်ကြားသည် ခက်ခဲကြမ်းတမ်းလွန်းသောကြောင့် Hell Pass ဟု အမည်တွင်ခဲ့သည်။

လမ်းဖောက်လုပ်ရန် ရှင်ဘွေယန်မြို့သို့ ပထမဆုံး မြေတူးစက်ရောက်ရှိခဲ့သောနေ့သည် ၁၉၄၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်ဖြစ်သည်။ ထိုလမ်းပိုင်းသည် အင်အားကြီးမားသော အမှတ်(၁၈)ဂျပန်တပ်ကို ခုခံတိုက်ခိုက်နေသည့် ချန်ကေရှိတ် တရုတ်စစ်သားများအတွက် ထောက်ပံ့ပစ္စည်းများပေးပို့ရန် အသုံးဝင်ခဲ့သည်။ ဂျပန်တပ်များ တောင်ဘက်သို့ ဆုတ်ခွာသွားချိန်တွင် လီဒိုလမ်းကို ဆက်လက်ဖောက်လုပ်ရန် လွယ်ကူသွားခဲ့သည်။ ဂျပန်များဖောက်ထားသည့်လမ်းကြောင်းအတိုင်း ဆက်လက်ဖောက်လုပ်ခဲ့ကာ ထောက်ပံ့ယာဉ်များသုံးရန် လေးလက်မပတ်လည်ရှိ ဓာတ်ဆီပိုက်လိုင်းနှစ်လိုင်းမှ လေးလိုင်းထိကို လမ်းကြောင်းတစ်လျှောက်၌ ချထားခဲ့သည်။

လီဒို-ရှင်ဘွေယန်(၁၀၃ မိုင်) လမ်းပိုင်း ပြီးစီးပြီးနောက် မြစ်ကြီးနား၊ ဗန်းမော်ထိ (၃၇၂ မိုင်)၊ ရှမ်းပြည်နယ် နမ့်ခမ်း၊ မြန်မာလမ်းမလမ်းဆုံ မုံးယုမြို့ထိ စုစုပေါင်း ၄၆၅ မိုင် ဖောက်လုပ်ခဲ့သည်။ လီဒိုလမ်း ဖောက်လုပ်ရာတွင် မြစ်ချောင်း ၁၀ ခုနှင့် ချောင်းငယ် ၁၅၅ ခုကို ဖြတ်သန်းခဲ့ရပြီး ပျမ်းမျှ ၂ ဒသမ ၈ မိုင်တွင် တံတားတစ်ခု တည်ဆောက်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ် ၇ ရက်တွင် မဟာမိတ်တပ်ဖွဲ့များက လားရှိုးမြို့ကို ဂျပန်လက်မှ ပြန်လည်သိမ်းယူခဲ့သည်။ မတ် ၂၀ ရက်တွင် မန္တလေးမြို့၊ မေ ၃ ရက်တွင် ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့ကို အဏုမြူဗုံးချပြီးနောက် ဩဂုတ် ၁၅ ရက်တွင် ဂျပန်တို့ လက်နက်ချခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် အမေရိကန်စစ်သင်္ဘော USS Missouri ပေါ်တွင် ဂျပန်က တရားဝင်လက်နက်ချကြောင်း လက်မှတ်ရေးထိုးခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည်။

လီဒိုလမ်းမကြီးကို ၁၀ လခန့်သာ အသုံးပြုခဲ့ပြီး ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက်ပိုင်းမှစ၍ အသုံးပြုခြင်းမရှိတော့ချေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် လီဒိုလမ်းမကြီးသည် တဖြည်းဖြည်း

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသောနွေစပါး ၂၇၀၁ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နွေစပါး ၂၇၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။



မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများရိတ်သိမ်းခြင်းကို မေလမှစတင်ခဲ့ရာ ယနေ့ထိ နွေစပါး ၂၇၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၈၄ ဒသမ ၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးလာပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပါပြီ။ တစ်ဧကကို ပျမ်းမျှ ၈၄ ဒသမ ၂ တင်း ထွက်ရှိပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၇၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၂၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နွေစပါး ၂၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၃၈ တင်း ထွက်ရှိခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက်ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ပျက်စီးယိုယွင်းလာခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ခရီးသွားတက္ကသိုလ်ကျောင်းသားခြောက်ဦး လိုက်ပါလာခဲ့သည့် Oxford-Cambridge Overland Expedition အဖွဲ့သည် လီဒိုမြို့မှ မြစ်ကြီးနားမြို့သို့ Land Rover ကားနှစ်စီးဖြင့် ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့သည် လီဒိုလမ်းပေါ်တွင် နောက်ဆုံးခရီးသွားခဲ့သောအဖွဲ့ဖြစ်သည်။

ယခုအချိန်တွင် ကချင်ပြည်နယ်ကို အနောက်မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ဖြတ်သန်းသွားသည့် လီဒိုလမ်းမကြီးကို အိန္ဒိယနှင့် တရုတ်နိုင်ငံကြား စီးပွားကုန်သွယ်မှုတွင်အရေးပါသည့် အာရှလမ်းမကြီးတစ်ခုဖြစ်လာစေရန် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့က မျှော်လင့်ထားကြသည်။ ကချင်ပြည်နယ်၏ အနောက်မြောက် ဟူးကောင်းတောင်ကြား ပန်ဆောင်လမ်းမှ မြန်မာနိုင်ငံအတွင်းသို့ဖြတ်ဝင်လာသော လီဒိုလမ်းမကြီးသည် ကချင်ပြည်နယ်အတွင်း ရှင်ဘွေယန်နှင့်တနိုင်းမြို့တို့သို့ ဆက်သွယ်ထားသည်။ တရုတ်နယ်စပ် ဝမ်တိန်မှ မိုင်းယု၊ နမ့်ခမ်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ တနိုင်းလမ်းပိုင်းကို တရုတ်နိုင်ငံက ပြုပြင်ဖောက်လုပ်၍ အိန္ဒိယနယ်စပ်မှ တနိုင်းထိလမ်းပိုင်းကို အိန္ဒိယနိုင်ငံက တာဝန်ယူဖောက်လုပ်မည်ဟု သတင်းများထွက်ခဲ့သည်။ မြစ်ကြီးနားမြို့ကို ဖြတ်သန်းသွားသော လီဒိုလမ်းမကြီး၏ဘေးတွင် အံတော်ရှင်ဘုရား၊ စိမ်းမြရောပန်းခြံ၊ နာရီစင်နှင့် မြစ်ကြီးနားလေဆိပ်တို့ရှိသည်။

၂၀၀၈ ခုနှစ်တွင် ယူနန်တက္ကသိုလ်မှ သမိုင်းပညာရှင် ဂီရှူရာ ဦးဆောင်၍ တရုတ်သတင်းထောက် ၁၀၀ ကျော်ပါဝင်သောအဖွဲ့သည် လီဒိုလမ်းမကြီးအတိုင်း မြစ်ကြီးနားမြို့သို့ ရောက်ရှိလာခဲ့သည်။ အမေရိကန်နိုင်ငံရှိ ဒုတိယကမ္ဘာစစ် စစ်မှုထမ်းဟောင်းတချို့သည်လည်း လီဒိုလမ်းနှင့် မြန်မာလမ်းမသို့ လာရောက်ခဲ့ဖူးသည်။

တစ်ဆစ်ချိုးအကွေ့ပေါင်း ၂၁ ကွေ့ရှိကာ ပေ ၁၀၀၀၀ ကျော်နက်သော ချောက်ကမ်းပါးများရှိသည့် တောင်အသွယ်သွယ်ပေါ်တွင် ဖောက်လုပ်ထားသည့် လီဒိုလမ်းမနှင့် မြန်မာလမ်းမသည် သမိုင်းဝင်စစ်သုံးလမ်းမများအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၂)**
- **ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် ဗမာပြည်လမ်းမကြီး(ကိုကိုလေး)**

## ဝသန်ခါ

\- မြအဆင်းတွေနဲ့
အလှချင်းရယ်တဲ့ပြိုင်၊
ရိုးတစ်လျှောက်
ဖြိုးမောက်ကာ နွယ်ကန်စွန်းက
ရွှန်းပါလို့လှိုင်၊
ကနဖော့ ကြော့ကြော့မယိုင်
မြိုင်ဆိုင်ကာ ထူသည့်တော၊
အကြားမရှောင်
ဖားကပေါင် မှိုနားတိုများပါဘိ
စားမည့်ရာပေါ့။

\- မိုးလဝီ တို့လယ်တော
သဘောကျ ထွန်ရေးငင်၊
ဝါးခမောက်ရယ်နဲ့
နွားကောက်ကာ တမန်းနှိုး
ပျိုးစိုက်ဖို့ပြင်၊
တိမ်လွှာမှိုမှို့ အာကာတစ်ခွင်
ရွာပါလျှင် မိုးမစဲ၊
အနောက်တောင် လေသရမ်းက
ဆော်သွမ်းရင်သည်း။

\- ကြာဖြူကြာနီ ကြာညိုကဲသနဲ့
လယ်တဲဘေး ရိုးမှာပြုံ၊
အပွင့်တွေ မြိုင်ဆိုင်သပ
အလှတွေပုံ၊
သင်းပျံ့ပျံ့ ဝတ်ဆံမှုန်
လေသုန်ရာ တမွှေးမွှေး၊
ကြာအနွယ် ကြာစွယ်ခူးလို့
မြူးကြွဆော့ပြေး။

\- တောမှာနေ တောဓလေ့
ပျော်မွေ့ကြ များသူငါ၊
ရှုံ့ညွန်တွေ ထူပြောလည်း
သဘောကျစွာ၊
နိုးကြွကြွ မိုးလအခါ
ပြိုးပျပြာ တိမ်ညိုမင်း၊
သာမယောင်
ဝလာဘောင် လျှပ်ပျိုးပါလျက်
မိုးခေါ်လို့ဆင်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အီကိုဝက်စ်အဖွဲ့ဥက္ကဋ္ဌသစ်အဖြစ် နိုင်ဂျီးရီးယားသမ္မတ ရွေးချယ်ခံရ

**အဘူဂျာ ဇူလိုင် ၁၁**

အနောက်အာဖရိကစီးပွားရေးဘုံအဖွဲ့(အီကိုဝက်စ်)သည် အဖွဲ့ဥက္ကဋ္ဌသစ်အဖြစ် နိုင်ဂျီးရီးယားသမ္မတသစ် ဘိုလာတီနူဘူကို မဲခွဲရွေးချယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီကိုဝက်စ်အဖွဲ့ဥက္ကဋ္ဌသစ် မဲခွဲရွေးချယ်ပွဲကို အီကိုဝက်စ်အုပ်စုဝင်နိုင်ငံများက ဇူလိုင် ၉ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် အီကိုဝက်စ်ဥက္ကဋ္ဌသစ်အနေဖြင့် အနောက်အာဖရိကနိုင်ငံများ ရင်ဆိုင်နေရသည့် ပြည်တွင်းလုံခြုံရေးပျက်စီးမှု ပြဿနာများအား ဖြေရှင်းရန် ကြိုးစားရမည်ဖြစ်သည်။

အနောက် အာဖရိကနိုင်ငံများ ရင်ဆိုင်နေရသည့် အကြမ်းဖက်ဝါဒပြဿနာ၊ လုံခြုံရေး ပျက်ပြားမှု ပြဿနာများမှာ စိုးရိမ်မှတ်အဆင့်သို့ရောက်နေကြောင်း နိုင်ဂျီးရီးယားသမ္မတက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် အီကိုဝက်စ်ဥက္ကဋ္ဌရာထူးကို ဂီနီယာဘစ်ဆောနိုင်ငံသမ္မတ အူမာရိုဆစ်ဆိုကိုအမ်ဘာလိုထံမှ ရယူခဲ့ခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံရှိသော အီကိုဝက်စ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကြား ဒေသတွင်းစီးပွားရေးအရပေါင်းစည်းရန်၊ ဒေသတွင်းတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရန် ဦးစားပေးဆောင်ရွက်မည်ဟု သမ္မတတီနူဘူက ပြောကြားခဲ့ကြောင်း သိရသည်။ KKO



## ဘဏ္ဍာရေးအကူအညီဒေါ်လာ နှစ်ဘီလီယံ ဆော်ဒီအာရေဗျထံမှ ပါကစ္စတန်နိုင်ငံရရှိ

**အစ္စလာမ်မာဘတ် ဇူလိုင် ၁၁**

ဆော်ဒီအာရေဗျ နိုင်ငံထံမှ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကို ပါကစ္စတန်နိုင်ငံက လက်ခံရရှိထားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံထံမှ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိထားမှုကို ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီး အစ်ဟက်ဒါးက ယနေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဘဏ္ဍာရေးအကူအညီအတွက် ပါကစ္စတန်ဝန်ကြီးချုပ်နှင့် စစ်ဦးစီးချုပ်တို့ကိုယ်စား မိမိအနေဖြင့်ဆော်ဒီအာရေဗျအစိုးရကိုအထူးကျေးဇူးတင်ကြောင်း ပါကစ္စတန်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ သုံးဘီလီယံအတွက်လည်း မကြာမီကာလအတွင်း နောက်ဆုံးအတည်ပြုချက် ရယူနိုင်ဖွယ်ရှိသည်။

ပါကစ္စတန်နိုင်ငံအတွက် ဘဏ္ဍာရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖြည့်ဆည်းပေးရန် ဆော်ဒီအာရေဗျနိုင်ငံက ယခုနှစ်ဧပြီလအတွင်း ကတိပြုခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် အစဉ်အလာအရ ဆက်ဆံရေးခိုင်မာသောနိုင်ငံများဖြစ်ကြကြောင်း သိရသည်။ KKO

## အီရန်မှတ်ပုံတင်ရေနံတင်သင်္ဘောတစ်စီးကို အင်ဒိုနီးရှားကမ်းခြေစောင့်တပ် ဖမ်းဆီး



**ဂျကာတာ ဇူလိုင် ၁၁**

ရေနံစိမ်း တရားမဝင်လွှဲပြောင်းတင်ဆောင်မှု၌ ပါဝင်ပတ်သက်နေဖွယ်ရှိသော ရေနံတင်သင်္ဘောအဖြစ်ယူဆရသည့် အီရန်မှတ်ပုံတင်ရေနံတင်သင်္ဘောတစ်စီးကို အင်ဒိုနီးရှား ကမ်းခြေစောင့်တပ်က ထိန်းသိမ်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှား ကမ်းခြေစောင့်တပ်သည် အမ်တီအာမန်-၁၁၄ အမည်ရှိ အဆိုပါရေယာဉ်ကို မကြာသေးမီက ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်းသိမ်းခံရချိန်တွင် အမ်တီအာမန်-၁၁၄ ရေနံတင်သင်္ဘောသည် အမေရိကန်ဒေါ်လာ ၃၀၄ သန်းတန်ဖိုးရှိ ရေနံစိမ်းမက်ထရစ်တန်ချိန် ၂၇၂၅၆၉တန် တင်ဆောင်ထားကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဆိုပါရေနံတင်သင်္ဘောသည် ဇူလိုင် ၇ ရက်က တရားဝင်ခွင့်ပြုချက်မရှိဘဲ အခြားရေယာဉ်တစ်စီးဆီသို့ ရေနံစိမ်းများ လွှဲပြောင်းတင်ဆောင်ပေးခဲ့ဖွယ်ရှိကြောင်း အင်ဒိုနီးရှား ကမ်းခြေစောင့်တပ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမ်တီအာမန်-၁၁၄ ရေနံတင်သင်္ဘောကို အင်ဒိုနီးရှားနိုင်ငံ မြောက်နာတူနာပင်လယ်အတွင်းကင်မရွန်းနိုင်ငံမှတ်ပုံတင်သင်္ဘောတစ်စီးနှင့် ရေနံစိမ်းလက်လွှဲတင်ပို့မှုပြုလုပ်နေစဉ် အင်ဒိုနီးရှားကမ်းခြေစောင့်တပ်က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အမ်တီအာမန်-၁၁၄ ရေနံတင်သင်္ဘောပေါ်ရှိ ရေယာဉ်ဝန်ထမ်း ၂၈ဦးနှင့် ခရီးသည် သုံးဦးကိုလည်း အင်ဒိုနီးရှား တာဝန်ရှိသူများက ထိန်းသိမ်းထားကြောင်း သိရသည်။ KKO

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လမ်းကူးတံတားပြိုကျမှုဖြစ်ပွား လူနှစ်ဦးသေဆုံး၍ ၁၁ ဦးဒဏ်ရာရရှိ

**ဗန်ကောက် ဇူလိုင် ၁၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆောက်လုပ်ဆဲ လမ်းကူးတံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံးလူ နှစ်ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


အဆိုပါ တည်ဆောက်ဆဲလမ်းကူးတံတားသည် ဇူလိုင် ၁၀ ရက် ညနေပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်ပြီး တံတားပြိုကျမှုကြောင့် ဒဏ်ရာရသူ ၁၁ ဦး ရှိခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ထိုင်းတာဝန်ရှိသူများသည် လမ်းကူးတံတားပြိုကျမှုနောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဗန်ကောက်မြို့ အနောက်ပိုင်းတွင်တည်ရှိသည့် အဆိုပါလမ်းကူးတံတားသည် ၂၀၂၀ ပြည့်နှစ်ကပင် စတင်တည်ဆောက်နေသောတံတားဖြစ်သည်။

တံတား အပျက်အစီးများအောက်ပိတ်မိနေသူ မရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီးနောက် ထိုင်းတာဝန်ရှိသူများက အပျက်အစီးများကို စတင်ရှင်းလင်းလျက်ရှိသည်။

ယခုနှစ် အစောပိုင်းကလည်း ဗန်ကောက်မြို့မှာပင် ဆောက်လုပ်ဆဲလမ်းကူးတံတားတစ်စင်း ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံး၍ မော်တော်ယာဉ်လေးစီးပျက်စီးခဲ့ရကြောင်း သိရသည်။ KKO



## နီပေါနိုင်ငံ ဧဝရက်တောင်အနီး ရဟတ်ယာဉ်ပျက်ကျ လိုက်ပါသွားသူ ခြောက်ဦး သေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၁၁**

နီပေါနိုင်ငံ ဧဝရက်တောင်အနီး၌ ယနေ့တွင် ရဟတ်ယာဉ်တစ်စီးပျက်ကျခဲ့ရာ ရဟတ်ယာဉ်မှူးနှင့် ပြည်ပခရီးသွားငါးဦးသည် စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်သည် လာမာဂျူရာနယ်မြေ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ နိုင်ငံခြားသားခရီးသည်ငါးဦးမှာ မက္ကဆီကိုနိုင်ငံသားများဖြစ်၍ ရဟတ်ယာဉ်မှူးမှာ နီပေါနိုင်ငံသားတစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် မက္ကဆီကိုနိုင်ငံသားများအား ဧဝရက်တောင် ဝန်းကျင်နေရာများသို့ ပျံသန်း ပို့ဆောင်ပေးခဲ့ပြီးနောက် ခတ္တမန္ဒူမြို့သို့ ပြန်လာစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နီပေါ တာဝန်ရှိသူများ၏ အဆိုအရ ၎င်းရဟတ်ယာဉ်သည် ရာသီဥတုအခြေအနေကြောင့် မူလစီစဉ်ထားသည့် ပျံသန်းရာလမ်းကြောင်းကို အပြောင်းအလဲပြုလုပ်ခဲ့ရကြောင်း သိရသည်။

နီပေါနိုင်ငံ၌ မုတ်သုံရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းတတ်မှုကြောင့်လေကြောင်းခရီးစဉ်များ ဆိုင်းငံ့ထားရခြင်း၊ လမ်းကြောင်းပြောင်းပျံသန်းရခြင်းများဖြစ်လေ့ဖြစ်ထရှိသည်။

ယခုနှစ် ဇန်နဝါရီလကလည်း နီပေါနိုင်ငံ ပိုခါရာအမည်ရှိမြို့အနီး၌ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူပေါင်း ၇၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်ဂြိုဟ်တုသစ်များကို အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်




**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ်များကို ဇူလိုင် ၁၀ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၂ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်းကို ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၀ ရက်တွင် လွှတ်တင်ခဲ့သော စတားလင့်ခ်ဂြိုဟ်တုသစ်များသည် ယခင်စတားလင့်ခ်ဂြိုဟ်တုများထက် စွမ်းဆောင်ရည်ပိုမြင့်မားသော V2 Mini အုပ်စုဝင် ဂြိုဟ်တုသစ်များဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ပဉ္စမမြောက် V2 Mini ဂြိုဟ်တုလွှတ်တင်မှု မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် V2 Mini ဂြိုဟ်တုများအပါအဝင် စတားလင့်ခ်ဂြိုဟ်တု ၄၇၆၈ စင်းထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## မက်ဆာနည်းပညာကုမ္ပဏီ၏ လူမှုကွန်ရက်စာမျက်နှာသစ်တစ်ခုဖြစ်သော Threads အပလီကေးရှင်း စတင်ထုတ်လွှင့်ပြီး ငါးရက်မပြည့်မီ သုံးစွဲသူ သန်း ၁၀၀ ထိ ရှိလာ

**ဝါရှင်တန် ဇူလိုင် ၁၁**

မက်ဆာနည်းပညာကုမ္ပဏီ၏ လူမှုကွန်ရက်စာမျက်နှာသစ်တစ်ခုဖြစ်သော Threads အပလီကေးရှင်းသည် စတင်ထုတ်လွှင့်ပြီး ငါးရက်မပြည့်မီ သုံးစွဲသူသန်း ၁၀၀ ထိ ရှိလာကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ဖြစ်ရာ Threads အပလီကေးရှင်းသည် ChatGPT အေအိုင်အပလီကေးရှင်းကို ကျော်ဖြတ်၍ လူသုံးစွဲမှုအမြန်ဆုံး အပလီကေးရှင်းဖြစ်လာကြောင်း သိရသည်။

ChatGPT အပလီကေးရှင်းသည် သုံးစွဲသူသန်း ၁၀၀ ပြည့်ရေးအတွက် နှစ်လခန့်အချိန်ယူခဲ့ရပြီး ကမ္ဘာကျော် Tik Tok အပလီကေးရှင်းကမူ အချိန်ကိုးလထိယူခဲ့ရသည်။




မက်ဆာကုမ္ပဏီကပင် ၂၀၂၀ ပြည့်နှစ်တွင် စတင်ထုတ်လွှင့်ခဲ့သော Instagram အပလီကေးရှင်းမှာ သုံးစွဲသူ သန်း ၁၀၀ ပြည့်ရေးအတွက် နှစ်နှစ်ခွဲကြာ စောင့်ခဲ့ရကြောင်း သိရသည်။

မက်ဆာကုမ္ပဏီသည် Threads အပလီကေးရှင်းကို ဇူလိုင် ၅ ရက်က နိုင်ငံပေါင်း ၁၀၀ တို့၌ စတင်မိတ်ဆက်ခဲ့သည်။

မက်ဆာကုမ္ပဏီသည် Threads အပလီကေးရှင်းကို တက်စလာကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အီလွန်မာ့ခ်၏ Twitter အပလီကေးရှင်းကို ပြိုင်ဆိုင်ရေးအတွက် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## နေအဖွဲ့အစည်းပြင်ပရှိ သတ္တုတိမ်တိုက်များ ဖုံးလွှမ်းထားသော ထူးဆန်းသည့်ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဆန်တီယာဂို ဇူလိုင် ၁၁**

သတ္တုတိမ်တိုက်များ ဖုံးလွှမ်းထားသော အလွန်ထူးဆန်းသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

LTT 9779b ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သည် နေနှင့်အလားတူသည့် ကြယ်တစ်စင်းကို ၁၉ နာရီလျှင် တစ်ပတ်ကျ လှည့်ပတ်နေကြောင်း ချီလီနိုင်ငံ စန်တီယေဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်ကို ဆီလီကိတ်နှင့် တိုက်တေနီယမ်ကဲ့သို့ သတ္တုဒြပ်စင်များဖြင့် ဖွဲ့စည်းထားသော တိမ်တိုက်များက ဖုံးလွှမ်းထားကြောင်း သိရသည်။

သတ္တုတိမ်တိုက်၏ အလင်းပြန်မှုကြောင့် LTT 9779b ဂြိုဟ်သည် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိဖူးသမျှ ဂြိုဟ်များထဲတွင် အတောက်ပဆုံးဂြိုဟ် ဖြစ်လာကြောင်း ချီလီသိပ္ပံ ပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေနှင့်အလင်းနှစ် ၂၆၂ နှစ်အကွာတွင်တည်ရှိသောအဆိုပါဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တုက ၂၀၂၀ ပြည့်နှစ်ကပင် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

ချီလီသိပ္ပံပညာရှင်များ၏အဆိုအရ LTT 9779b ဂြိုဟ်သည် မိခင်ကြယ်၏အလင်းရောင်ကို ၈၀ ရာခိုင်နှုန်းထိ အလင်းပြန်နေကြောင်း သိရသည်။ KKO

# HEALTH

## ဆာရိုက်ဆစ်ရောဂါကု ဆေးတစ်မျိုးကို Crohn's Diseaseလူနာများတွင် အသုံးပြုနိုင်

**လန်ဒန် ဇူလိုင် ၁၁**

ဆာရိုက်ဆစ် (Psariasis) ခေါ် အရေပြားရောဂါပုံစံတစ်မျိုးကိုကုသရာတွင် အသုံးပြုသည့် ဆေးတစ်မျိုးကို Crohn's Disease ရောဂါလူနာများတွင် အသုံးပြုနိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

Crohn's Disease ရောဂါသည် အူမကြီးရောင်ရမ်းမှုရောဂါပုံစံတစ်မျိုးဖြစ်ပြီး အစာခြေလမ်းကြောင်းစနစ် နာတာရှည်ရောင်ရမ်းချိန်တွင် ဖြစ်ပွားတတ်သည်။

လက်ရှိအချိန်တွင် အဆိုပါရောဂါကို ကုသရေးအတွက် Risankizumab အမည်ရှိ ဆာရိုက်ဆစ်ဆေးတစ်မျိုးကို အသုံးပြုခွင့်ပေးရန် ဗြိတိန်အမျိုးသားကျန်းမာရေးဘုတ်အဖွဲ့က သဘောတူထားကြောင်း သိရသည်။

အဆိုပါဆေးသည် Crohn's Disease ရောဂါကြောင့် အူမကြီးပျက်စီးမှုကို တွန်းအားပေးတတ်သည့် ခုခံအားစနစ်ဆဲလ်များကို ပိတ်ပင်ခြင်းဖြင့် ရောဂါအရှိန်ကို လျှော့ချနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

Risankizumab ဆေးသည် လက်ရှိကုထုံးများကို တုံ့ပြန်မှုမရှိတော့သည့် Crohn's Disease လူနာများအတွက် လိုအပ်သည့် ကုထုံးတစ်ရပ်ဖြစ်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရောဂါပျောက်ကင်းစေမည့် ကုထုံးမရှိသေးသော Crohn's Disease ရောဂါသည် ခုခံအားစနစ် အလွန်အကျွံတုံ့ပြန်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

## အစားအစာပုံစံခြောက်မျိုးက နှလုံးကျန်းမာရေးအတွက် အထောက်အကူပြု

**အော့တာဝါ ဇူလိုင် ၁၁**

အစားအစာပုံစံ ခြောက်မျိုးသည် နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ မက်မာစတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ အစေ့အဆန်များ၊ ငါးနှင့်အဆီပြည့်နို့ထွက်စားသောက်ကုန်များသည် နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရသည်။

ထို့ပြင် ကင်ဆာရောဂါ၊ နှလုံးရောဂါများဖြစ်နိုင်ခြေနှင့် အဆက်အစပ်ရှိလာသော အနီရောင်အသားများလည်း တော်ရုံသင့်ရုံစားသုံးပါက ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာပုံစံတစ်မျိုးဖြစ်သည်။

သို့ရာတွင် ကင်ဆာရောဂါနှင့် နှလုံးရောဂါများ ဖြစ်နိုင်ခြေသည် အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အနီရောင်အသားများနှင့်သာ ဆက်စပ်နေနိုင်သည်ဟု ကနေဒါ သုတေသနပညာရှင်များကသုံးသပ်ထားကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ အနီရောင်အသားကို ထမင်းနှင့်တစ်နေ့တစ်ပန်းကန် စားသုံးမှုသည် ကျန်းမာရေးနှင့်လျော်ညီသည့် စားသုံးမှုအဖြစ် သတ်မှတ်နိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များသည် လူပေါင်း၂၅၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဝင်ဘယ်ဒန် အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**လန်ဒန် ဇူလိုင် ၁၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန် အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပိုလန်တင်းနစ်ကစားသမားဟာကက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၇-၆၊ ၅-၇၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် အဆိုပါပွဲစဉ်၏ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် အနိုင်ရလဒ်ကို စွမ်းဆောင်သွားနိုင်ခဲ့သော်လည်း တတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီး စတုတ္ထပွဲငယ်အား ဆက်လက် ယှဉ်ပြိုင်ကစားသွားခဲ့ရာ ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ဒီပွဲမှာဟာကက်ဇ်ကို ကျွန်တော် တကယ်ချီးကျူးချင်တယ်။ ကစားသွားတာ အရမ်းကောင်းတယ်။ ဒီပွဲစဉ်မှာ ကံတရားက ဟာကက်ဇ်ဘက်မှာရှိမနေလို့သာ ကျွန်တော်အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ စွမ်းဆောင်ရည်က ချန်ပီယံကို စိန်ခေါ်နိုင်တဲ့ စွမ်းဆောင်ရည်မျိုး ဖြစ်ပါတယ်။ အရိုးသားဆုံးဝန်ခံရရင် သူ့ရဲ့ စပေးဘောတွေက အရမ်းကောင်းတယ်။ သူ့ရဲ့စပေးဘောတွေကြောင့် ကျွန်တော် တော်တော်လေး အခက်တွေ့ခဲ့တယ်။ ကျွန်တော့်ရဲ့အမြင်ကို ပြောရရင်တော့ ဟာကက်ဇ်ရဲ့ စပေးဘောတွေဟာ တင်းနစ်လောကမှာ အကောင်းဆုံးစပေးဘောလို့ ကျွန်တော် မှတ်ချက်ပြုချင်တယ်။ သူ့ရဲ့စပေးဘောတွေက ဘယ်လိုပုံစံနဲ့လာမလဲဆိုတာ တော်တော်လေး ခန့်မှန်းရခက်တယ်။ ကျွန်တော့်အတွက်တော့ သိပ်ပြီးတော့ ပျော်စရာကောင်းတဲ့ ပွဲစဉ်တစ်ပွဲ မဟုတ်ခဲ့ဘူး။ ကံတရားက ကျွန်တော့်ဘက်မှာရှိနေတဲ့အတွက်ကြောင့် ပထမပွဲငယ်နှစ်ပွဲမှာ ကျွန်တော် အနိုင်ရခဲ့တာပါ။ ကျွန်တော့်အတွက် တကယ့်ကို အရေးကြီးတဲ့ နိုင်ပွဲတစ်ပွဲပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



## ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကို စပါးအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဟု ဘာစီလိုနာအသင်းထုတ်ပြန်





**ဘာစီလိုနာ ဇူလိုင် ၁၁**

ဘာစီလိုနာအသင်းသည် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် ကလပ်အသင်းကိုတည်ထောင်ခဲ့သူ ဂျိုအန်ဂမ်ပါအား ဂုဏ်ပြုသောအားဖြင့် ဂျိုအန်ဂမ်ပါဖလားပွဲစဉ်ကို ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် ပရီးမီးယားလိဂ်ကလပ် စပါးအသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Barcablau-granes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်ကို ဘာစီလိုနာ အိမ်ကွင်း နူးကမ့်ကစားကွင်းတွင် နှစ်စဉ်ကျင်းပနေသော်လည်း လက်ရှိတွင် နူးကမ့်ကွင်းမှာအဆင့်မြှင့်တင်မှုများပြုလုပ်နေသဖြင့် ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကို မွန်ဂျူအစ် ကစားကွင်းတွင် လာလီဂါဘောလုံးရာသီ မစတင်မီ ဩဂုတ် ၉ ရက်တွင် ကျင်းပပြုလုပ်မည်ဟု အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

ယခင်ကအဆိုပါပြိုင်ပွဲကို ဂျိုအန်ဂမ်ပါ၏မွေးရပ်မြေဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပခဲ့ပြီး အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် ဘာစီလိုနာအသင်းက အိမ်ကွင်းနူးကမ့်တွင် ဘောလုံးရာသီမစတင်မီ ပထမဆုံးပြိုင်ပွဲအဖြစ် ကျင်းပခဲ့ကာ ဥရောပအသင်းကြီး တစ်သင်းအားဖိတ်ခေါ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည်ရာသီအကြိုအမေရိကခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး အဆိုပါခရီးစဉ်တွင် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ဂျူဗင်တပ်၊ အာဆင်နယ်၊ ရီးရဲလ်မက်ဒရစ်၊အေစီမီလန်အသင်းတို့နှင့် ဖိတ်ခေါ်ဖလားယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ML

## ပါမီးယက်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ပွဲစဉ်တွင် အမျိုးသမီးပရိသတ်တစ်ဦး သေဆုံးမှုဖြစ်ပွား

**ဘရာဇီးလ်းယား ဇူလိုင် ၁၁**

ပြီးခဲ့သည့် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဘရာဇီးစီးရီးအေ ပြိုင်ပွဲအဖြစ် ပါမီးယက်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ပွဲစဉ်တွင် နှစ်ဖက်ပရိသတ်များ အရာဝတ္ထုဖြင့် ပစ်ပေါက်မှုဖြစ်စဉ်တွင် ပါမီးယက်စ်အသင်း၏ အမျိုးသမီးပရိသတ်တစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း နှစ်ဖက်အသင်းပရိသတ်များကြား အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ရာ အန်နယ်လီအမည်ရှိ အမျိုးသမီးတစ်ဦး၏ လည်ပင်းအား ဘီယာပုလင်းထိမှန်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရာတွင် အဆိုပါဒဏ်ရာကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဆော်ပိုလိုမြို့ ရဲတပ်ဖွဲ့က သံသယရှိသူ အသက် ၂၆ နှစ်ရှိ အမျိုးသားတစ်ဦးကို ထိန်းသိမ်းခဲ့ပြီး အန်နယ်လီ သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ပါမီးယက်စ်အသင်းက "ပရိသတ်တွေကို ဖျော်ဖြေမှုပေးတဲ့ ဘောလုံးပွဲမျိုးမှာ အခုလို လူသေဆုံးမှုဖြစ်စဉ်ဖြစ်ပွားတာဟာ လက်ခံနိုင်စရာမရှိပါဘူး။ ကလပ်အသင်းအနေနဲ့လဲ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး အာဏာပိုင်တွေကို စစ်ဆေးမှုတွေပြုလုပ်ပေးဖို့ တောင်းဆိုသွားမှာပါ။ ဒါဟာ ဘရာဇီးဘောလုံးသမိုင်းကို အကျည်းတန်စေတဲ့ဖြစ်စဉ်တစ်ခုပါ" ဟု အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးဘောလုံးဥက္ကဋ္ဌ ရိုဒရီဂွက်စ်က ဘရာဇီးဘောလုံးလောကတွင် လူမျိုးရေးခွဲခြားမှုများနှင့် ပြိုင်ပွဲအတွင်း အကြမ်းဖက်မှုများကြောင့် ဝမ်းနည်းစရာအဖြစ်အပျက်များ မဖြစ်ပွားအောင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည့် ဘရာဇီးစီးရီးအေပြိုင်ပွဲများတွင် အန်နယ်လီအတွက် တစ်မိနစ်ငြိမ်သက်၍ အထိမ်း အမှတ်ပြုလုပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ML

## ပရီးမီးယားလိဂ်ကွင်းလယ်ဒိုင်ဟောင်း ကလေတန်ဘက်က ပြိုင်ပွဲအတွင်း သဘောထားတင်းမာသည့် ကစားသမားငါးဦးကို ထုတ်ဖော်ပြောကြား

**လန်ဒန် ဇူလိုင် ၁၁**

ပရီးမီးယားလိဂ် ကွင်းလယ်ဒိုင်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ တာဝန်ယူခဲ့သည့်ကာလအတွင်း တာဝန်ယူကိုင်တွယ်ခဲ့သည့် ပြိုင်ပွဲများတွင် ပြိုင်ပွဲအတွင်း သဘောထားတင်းမာသည့် ကစားသမားငါးဦးကို ကလေတန်ဘက်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကွင်းလယ်ဒိုင် ကလေတန်ဘက်သည် ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဥရောပပြိုင်ပွဲများတွင် တာဝန်ယူခဲ့ရသည့် ပွဲစဉ်များ၌ ပြိုင်ပွဲအတွင်း သဘောထားတင်းမာသည့် ကစားသမားငါးဦးကို ထုတ်ဖော်ပြောကြားခဲ့ရာ အာဆင်နယ်အသင်းဂိုးသမားဟောင်း လေမန်း၊ မန်ယူအသင်းခံစစ်ကစားသမားဟောင်းဖာဒီနန်၊ ရီးရဲလ်မက်ဒရစ် ခံစစ်ကစားသမားဟောင်း ပီပီ၊ မန်ယူအသင်း ကစားသမားဟောင်း ရှိုင်ကီန်း၊ လီဗာပူးအသင်း ကစားသမားဟောင်း ဘယ်လာမီတို့သည် ပြိုင်ပွဲအတွင်း ထိန်းချုပ်ရခက်ခဲပြီး သဘောထား တင်းမာသူများဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းသည် နာမည်ကျော်ကစားသမား အများစုနှင့်လည်း ထိပ်တိုက်တွေ့ဆုံမှုများရှိခဲ့သော်လည်း အာဆင်နယ် တိုက်စစ်မှူးဟောင်း ဟင်နရီနှင့် မန်ယူအသင်း တိုက်စစ်မှူးဟောင်း စီရော်နယ်ဒိုတို့ အပါအဝင် ကစားသမားအများစုသည် ပြိုင်ပွဲအတွင်း ဆက်ဆံရေးပြေပြစ်မှုများရှိခဲ့သည်ဟု ဆက်လက်ပြောကြားခဲ့သည်။



အသက် ၄၈ နှစ်ရှိ ကွင်းလယ်ဒိုင် ကလေတန်ဘက်သည် ၁၉၉၀ ပြည့်နှစ်မှ စတင်ကာ အင်္ဂလန်လူငယ်အသင်းပြိုင်ပွဲများကို စတင်တာဝန်ယူခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲများ၌ တာဝန်ယူခွင့်ရခဲ့ကာ အကောင်းဆုံး ကွင်းလယ်ဒိုင်တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသဖြင့် ဥရောပပြိုင်ပွဲများနှင့်အခြားပြိုင်ပွဲကြီးအချို့တွင် တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး ၂၀၁၉ ခုနှစ်တွင် ကွင်းလယ်ဒိုင်ဘဝမှ အနားယူခဲ့ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အယ်ဟိုင်လာအသင်းက လာဇီယိုကစားသမား မီလင်ကိုဗစ်ဆာဗစ်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၄ သန်းပေးချေ၍ သုံးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး ကစားသမားအနေဖြင့် တစ်နှစ်လုပ်ခစတာလင်ပေါင် ၁၇ သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက တိုက်စစ်မှူး ဒက်ထရိုဖိုဖန်နာကို ဂျာမန်ကလပ် ယူနီယံဘာလင်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။
- ချဲလ်ဆီးအသင်းက ဂျူဗင်တပ်တိုက်စစ်မှူး ဗလာဟိုဗစ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။

ML

# ၂၀၂၄ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ်
# မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ဇူလိုင် ၁၃ ရက်တွင် ကစားရမည်



**ရန်ကုန် ဇူလိုင် ၁၁**

အင်ဒိုနီးရှားနိုင်ငံ ပလမ်ဘန်းမြို့တွင် ကျင်းပလျက်ရှိနေသည့် ၂၀၂၄ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် ဗီယက်နမ်ယူ-၁၉ အမျိုးသမီးအသင်းတို့ တွေ့ဆုံနေပြီး ဇူလိုင် ၁၃ ရက်တွင် ကစားသွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၄ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲကို အုပ်စုသုံးစုဖြင့် ကျင်းပခဲ့ပြီး အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမအသင်း သုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရရှိသည့် အသင်းတစ်သင်းတို့မှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းက အကောင်းဆုံးအုပ်စု ဒုတိယနေရာ ရရှိခဲ့သည့်အတွက် ဆီမီးဖိုင်နယ် အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အုပ်စုနှစ်ပွဲ ကစားခဲ့ရာ ဖိလစ်ပိုင်ယူ-၁၉ အမျိုးသမီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ထိုင်းယူ-၁၉ အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ရမှတ် သုံးမှတ် ဂိုးကွာခြားချက်မရှိဘဲ အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သည့် ကမ္ဘောဒီးယား ယူ-၁၉ အမျိုးသမီးအသင်း၊ မလေးရှားယူ-၁၉အမျိုးသမီးအသင်းတို့တွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းက ဂိုးကွာခြားချက်မရှိဘဲ အကောင်းဆုံးအုပ်စုဒုတိယနေရာ ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၄အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ အုပ်စုပွဲစဉ်များအားလုံး ပြီးဆုံးချိန်တွင် အုပ်စု (A)မှ အင်ဒိုနီးရှားယူ-၁၉ အမျိုးသမီးအသင်း၊ အုပ်စု(B)မှ ဗီယက်နမ်ယူ-၁၉ အမျိုးသမီးအသင်း၊ အုပ်စု(C) မှ ထိုင်းယူ-၁၉အမျိုးသမီးအသင်းနှင့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့ပြီး ပုံစံသစ် ပြောင်းလဲကျင်းပသည့်ပုံစံအရ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းယူ-၁၉ အမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားယူ-၁၉ အမျိုးသမီးအသင်း၊ ဗီယက်နမ်ယူ-၁၉ အမျိုးသမီးအသင်းနှင့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းတို့ တွေ့ဆုံခဲ့ကြပြီး ဇူလိုင်၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၃နာရီတွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် ဗီယက်နမ်ယူ-၁၉ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

# မစ်ဒယ်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ်
# ဟာနန်ဒက်ဇ်က ဂျူအာရက်ဇ်နှင့် ထိုးသတ်သွားမည်

**ပနားမား ဇူလိုင် ၁၁**

WBA Gold World Super မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဂျာမနီလက်ဝှေ့သမား ဟာနန်ဒက်ဇ်က စိန်ခေါ်သူ အာဂျင်တီးနားလက်ဝှေ့သမား ဂျူအာရက်ဇ်နှင့် ဩဂုတ် ၄ ရက်တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟုWBA က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ချန်ပီယံဟာနန်ဒက်ဇ်သည် ကျူးဘားနွယ်ဖွားဂျာမနီနိုင်ငံသားခံယူထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ၁၆ ပွဲထိုးသတ်ထားကာ ရှုံးပွဲတစ်ပွဲရရှိထားပြီး ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိထားသည့် စိန်ခေါ်ပွဲပေါင်း ရှစ်ပွဲထိရှိနေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

စိန်ခေါ်သူ ဂျူအာရက်ဇ်မှာ ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၂၁ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲ ရှစ်ပွဲထိရှိနေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီးလက်ရှိချန်ပီယံဟာနန်ဒက်ဇ်နှင့် ပနားမားနိုင်ငံပနားမားမြို့တွင် ထိုးသတ်မည်ဖြစ်သည်။

ဂျာမနီလက်ဝှေ့သမား ဟာနန်ဒက်ဇ်က "ဩဂုတ် ၄ ရက်မှာ ထိုးသတ်သွားရမဲ့ စိန်ခေါ်ပွဲစဉ်ဟာ ကျွန်တော့်အတွက် ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ။ ဂျူအာရက်ဇ်ဟာ ကျွန်တော့်ထက်အတွေ့အကြုံပြည့်စုံတဲ့ လက်ဝှေ့သမားဖြစ်သလို ပြိုင်ဘက်တိုင်းအတွက်လဲအန္တရာယ်ရှိတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ အတင်းဝင်၊ အတင်းထွက်ပုံစံနဲ့ထိုးသတ်လေ့ရှိတဲ့ ဂျူအာရက်ဇ်ကိုရင်ဆိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့အများကြီး ပြင်ဆင်ရအုံးမယ်။ ကျွန်တော့်အနေနဲ့လဲ ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂျာမနီနိုင်ငံပြင်ပမှာ ပထမဆုံးအကြိမ် ထိုးသတ်သွားရမဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ဂျာမနီနိုင်ငံ ပြင်ပမှာ ပထမဆုံးအကြိမ် ထိုးသတ်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂျူဗင်တပ်အသင်းက ပေါ့ဂ်ဘာကို စတာလင်ပေါင် ၁၀ သန်းဖြင့် ရောင်းချမည်



**ရောမ ဇူလိုင် ၁၁**

ဂျူဗင်တပ်အသင်းက လက်ရှိတွင် အသင်းဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသည့်အတွက် အသင်းတွင် မြင့်မားသည့်လုပ်ခလစာပေးချေနေရသည့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၀ သန်း ရရှိလျှင် ရောင်းချသွားမည်ဟု ကြေညာခဲ့ကြောင်း Dellosports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပေါ့ဂ်ဘာသည် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဂျူဗင်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဒဏ်ရာပြဿနာများဖြင့် ရှုန်းကန်နေရသဖြင့် တစ်ပွဲသာ ပွဲထွက်ကစားနိုင်ခဲ့သူဖြစ်သည်။

ပေါ့ဂ်ဘာသည် လက်ရှိအချိန်ထိလည်း ဒဏ်ရာပြဿနာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသေးဘဲ ရုန်းကန်နေရသည့်အတွက် ဂျူဗင်တပ်အသင်းက အသင်းဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ပေါ့ဂ်ဘာကို နည်းပါးသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ပင် ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ပေါ့ဂ်ဘာကို ဆော်ဒီထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် အယ်အီတီဟတ်အသင်းသည် ဂျူဗင်တပ်အသင်းက သတ်မှတ်ထားသည့်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် အသင့်ဖြစ်နေပြီး လုပ်ခလစာ စာချုပ်အတွက် ယူရိုသန်း ၁၀၀ ဖြင့် တရားဝင်ကမ်းလှမ်းပြီး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

STA

# LIV Golf London ပြိုင်ပွဲ
# ချန်ပီယံဆုကို ကင်မရွန်းစမစ် ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသွားခဲ့သည့် LIV Golf London ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်ကချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းစမစ်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပစ်ထရစ်ရိဒ်နှင့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား မက်လိုက်ရှ်မန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

PGA Tour ကို စွန့်ခွာပြီး LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ကင်မရွန်းစမစ်အနေဖြင့် ပထမနေ့မှစတင်၍ နောက်ဆုံးနေ့ထိ ပုံစံကောင်းကို ထိန်းသိမ်းနိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းစမစ်အနေဖြင့် ချန်ပီယံဆုအတွက် ခံစားခွင့်အနေဖြင့် အမေရိကန်ဒေါ်လာ သန်းထိ ခံစားခွင့်ရရှိသွားခဲ့ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲလောကတွင် မြင့်မားသည့် ဆုကြေးငွေပမာဏကို ခံစားခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ကင်မရွန်းစမစ်က "LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပြိုင်ပွဲမှာက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် တော်တော်လေးခက်ခဲပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရင်လဲ ထိုက်တန်တဲ့ခံစားခွင့်ကိုရရှိပါတယ်။ ဒီလို ပြိုင်ပွဲမျိုးမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် မဖော်ပြနိုင်တဲ့ ခံစားမှုမျိုးခံစားခွင့်ရခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# စပါးအသင်းက ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၁၁**

စပါးအသင်းက အသင်းနှင့်အနာဂတ် မရေမရာဖြစ်နေသည့် အဓိက တိုက်စစ်ကစားသမား ဟယ်ရီကိန်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံးကစားသမားဖြစ်လာမည့် လုပ်ခလစာတစ်ရပ်ဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဟယ်ရီကိန်းနှင့် စပါးအသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့ပြီး ပြီးခဲ့နှစ်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလကတည်းက ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းမှထွက်ခွာရန် နီးစပ်ခဲ့ပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း အသင်းနှင့်အနာဂတ်မရေမရာ ဖြစ်နေခြင်းဖြစ်သည်။

စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့်ဟယ်ရီကိန်းကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းက ပထမအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၆၀၊ ဒုတိယအကြိမ်အဖြစ် စတာလင်ပေါင်သန်း ၇၀ဖြင့် နှစ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း စပါးအသင်းက လက်မခံဘဲ ပယ်ချခဲ့ကာ ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးဖြစ်သော်လည်း အသင်းနှင့် ဆုဖလားရယူနိုင်ခြင်းမရှိသည့်အတွက် ကစားသမားဘဝမှ ဆုဖလားများရယူနိုင်ရန် ထိပ်တန်းအသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုနေသည့်အတွက် အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ငြင်းပယ်ထားသူဖြစ်သည်။

သို့သော် စပါးအသင်းက ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်လက်မလျှော့သေးဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာ အများဆုံးကစားသမားဖြစ်လာနိုင်သည့် တစ်ပတ်လုပ်ခစတာလင်ပေါင် ၄၀၀၀၀၀ ဖြင့် ကမ်းလှမ်းထားပြီး ဟယ်ရီကိန်းအနေဖြင့် လက်ခံမည်ဆိုပါက မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဒီဘရိုင်းနှင့်အတူ လုပ်ခလစာအများဆုံး ကစားသမားအဖြစ် ပူးတွဲရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

# ပစ္စည်းဥစ္စာပျက်စီးရခြင်း အကြောင်းရင်းများ

မြင့်ခြုံကျော်အောင်

ပစ္စည်းဥစ္စာသည် လူတို့၏မရှိမဖြစ်သော၊ လူတို့ကို အစဉ်အကျိုးပြုနေသော ခင်ပွန်းကြီးတစ်ပါးဖြစ်သည်။ ထို့ကြောင့်လည်း ပစ္စည်းဥစ္စာများကို လူတို့သည် သဲကြီးမဲကြီး ရှာဖွေနေကြသည်။ အချို့လူတို့သည် စုဆောင်းပြီး အစုအပုံရရှိပိုင်ဆိုင်ကြသည်။ လူအများစုကမူ စားသုံးပစ်၍ ကုန်ခန်းကြသည်။ ထို့ပြင် ပစ္စည်းဥစ္စာများပျက်စီးရခြင်းအကြောင်းရင်းများကို မကာကွယ်နိုင်သဖြင့် ပျက်စီးသွားရသည်လည်း ရှိခဲ့သည်။ ရှိနေသည်။ နောင်လည်း ရှိနေဦးမည်ပင်။

မည်သို့ပင်ဖြစ်စေ လူတို့၏ပစ္စည်းဥစ္စာများကိုမူ မပျက်စီးစေရန် ဝိုင်းဝန်းကာကွယ်ကြရပါမည်။ ထိန်းသိမ်းကြရပါမည်။ ဤသည်တို့ကို မျက်မှောက်ခေတ်အခြေအနေပေါ် မူတည်ပြီး လေ့လာကြည့်ပါစို့။

**အစိုးရမင်း**

၂၀၁၇ ခုနှစ်ခန့်က ဥရောပတိုက်မှ ဂရိနိုင်ငံသည် နိုင်ငံခြားကြွေးမြီဝန်ပိပြီး တိုင်းပြည်၏စီမံခန့်ခွဲမှု ပျက်ယွင်းခဲ့ရသည်။ ဝန်ထမ်းလစာများ လျှော့ချခြင်း၊ အုပ်ချုပ်ရေးကိစ္စများ မဆောင်ရွက်နိုင်ခြင်းဖြစ်ခဲ့သည်။ သို့ဖြင့် အစိုးရပြုတ်ကျ တိုင်းပြည်မငြိမ်မသက်မှုဖြစ်ခဲ့သည်။ ပြည်သူတို့၏ ပစ္စည်းဥစ္စာများ ပျက်စီးခဲ့သည်။ အစိုးရသစ် ရွေးကောက်တင်မြှောက်ပြီး တိုင်းပြည်ငြိမ်ဝပ်စေရန် ဆောင်ရွက်ခဲ့ရသည်။

ဤအဖြစ်မျိုး ၂၀၂၁ ခုနှစ်တွင်လည်း အာရှတိုက်မှ သီရိလင်္ကာနိုင်ငံတွင် ဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဖိစီးမှုဒဏ်ခံရခြင်းနှင့် နိုင်ငံခြားကြွေးမြီဝန်ထုပ်ဝန်ပိုးပိခြင်းကြောင့် အစိုးရ၏စီမံခန့်ခွဲမှုလုပ်ငန်းများရပ်တန့်သွားခဲ့သည်။ ထိုအခါ ပြည်သူများ ဆူပူအုံကြွမှုဖြစ်ခဲ့သည်။ ပြည်သူတို့၏ ပစ္စည်းဥစ္စာများ ပျက်စီးခဲ့သည်။ နောက်ဆုံး သမ္မတပင် တိုင်းပြည်မှ ထွက်ပြေးရ၊ အစိုးရပြုတ်ကျဖြစ်ခဲ့သည်။ အစိုးရသစ်ဖွဲ့စည်းပြီး တိုင်းပြည်ငြိမ်ဝပ်စေရန် စီမံရသည်။

ကာကွယ်ရမည့်နည်းလမ်းမှာ တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းများသည် ပြည်သူတို့၏ပစ္စည်းဥစ္စာများ မပျက်စီးစေရန်၊ ပြည်သူတို့၏ပစ္စည်းဥစ္စာများ ပြန့်ပွားကြီးကျယ်လာစေရန်သာ ဦးတည်ဆောင်ရွက်ကြရပါမည်။ သို့ဖြင့် ပြည်သူတို့၏ပစ္စည်းဥစ္စာများ တည်မြဲခြင်း၊ တိုးပွားချမ်းသာခြင်းဖြစ်စေပါမည်။ ပြည်သူချမ်းသာလျှင် အစိုးရလည်း ချမ်းသာပါမည်။

**ခိုးသားဓားပြ**

သူခိုးပူ၊ ဓားပြဆူ ဖြစ်စဉ်များ လွှမ်းမိုးခံရသော ပြည်သူများသည် ၎င်းတို့၏ပစ္စည်းဥစ္စာများ ပျက်စီးကြရသည်။ အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်ကြရသည်။ ရှေးကလည်း ခိုးသားဓားပြရှိခဲ့သည်။ ယခုလည်း ရှိနေသည်။ နောင်ကာလတွင်လည်း ရှိနေမည်ပင်။

၂၀၂၀ ခုနှစ်၊ ၂၀၂၂ ခုနှစ်တွင် အဖြစ်များနေသော ခိုးသားဓားပြမှုများမှာ ဘဏ်များဓားပြတိုက်ခံရမှု၊ ရွှေဆိုင်များနှင့် ချမ်းသာသည့်ပြည်သူများ ဓားပြတိုက်ခံရမှု၊ ခရီးသွားပြည်သူများ လမ်းတွင်ဓားပြတိုက်ခံရမှုများဖြစ်ခဲ့သည်။

စာရေးသူတို့ ရွှေပြည်သာမြို့နယ် ရန်ကုန်တွင် နေ့အချိန် အိမ်တွင်သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ ဖြတ်ခိုးခံရမှု၊ ရပ်ကွက်အတွင်း လူသွားလူလာနည်းချိန် မိန်းမငယ်များဝတ်လာသော ရွှေဆွဲကြိုး ဖြတ်လုခံရမှု၊ "ပါတာပေး"ဟု ဓားပြခြိမ်းခြောက်လုယက်မှုများ ဖြစ်ခဲ့သည်။ ဌာနဆိုင်ရာငွေကြေးထိန်းသိမ်းရသော ကောင်တာများတွင် လုယက်မှုများဖြစ်ခဲ့သည်။ တစ်နှစ်တာကာလ တွက်စစ်လျှင် ပြည်သူတို့၏ပစ္စည်းဥစ္စာများ ငွေကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

ကာကွယ်ရေးစနစ်မှာ နှစ်ရပ်သာရှိပါသည်။ ပထမတစ်ရပ်မှာ တာဝန်ရှိသော အစိုးရဌာနများက သူခိုးဓားပြဖြစ်စဉ်များ လျော့နည်းစေရန်ဆောင်ရွက်ရပါမည်။ ဒုတိယတစ်ရပ်မှာ ပြည်သူတို့ကိုယ်တိုင်လိုက်နာကြရန်ဖြစ်သည်။ ဤတွင်လည်း ပထမတစ်ရပ်မှာ လုယက်တိုက်ခိုက်ပြီး စားမည်ဟူသောစိတ်များ ပပျောက်ရေးဖြစ်သည်။ မိမိကိုယ်ကို ထိန်းသိမ်းရပါမည်။ "ငါမတရားတာမလုပ်ဘူး"ဟု ခံယူပြီး မိမိကိုယ်ကို လူကောင်းဖြစ်အောင် မွေးမြူရပါမည်။ ဒုတိယတစ်ရပ်မှာ မိမိကိုယ်ကို၊ မိမိအိမ်၊ မိမိဆိုင်၊ မိမိတို့ဌာန သူခိုးဓားပြဘေး ကင်းဝေးစေရန် ထိန်းသိမ်းကြရပါမည်။

သို့ဖြင့် ပြည်သူတို့၏ပစ္စည်းဥစ္စာများ ပျက်စီးမှုမှ ကင်းဝေးစေပါမည်။ စောင့်ရှောက်ထိန်းသိမ်းမှုကို လုံ့လဝီရိယဖြင့် ဆောင်ရွက်ခြင်း၊ မသမာမှုဖြစ်စဉ်ဖြစ်လာလျှင် ရဲဝံ့စွန့်စားပြီး ခုခံတွန်းလှန်ခြင်း ပြုကြရပါမည်။ သို့မှ ပစ္စည်းဥစ္စာများ ပျက်စီးမှုမှကင်းဝေးမည် ဖြစ်ပါသည်။

> ❖ လူတို့သည် စီးပွားဥစ္စာရှာကြသည်။ သို့သော် အားထုတ်မှုကမှု မကောင်းသဖြင့် စီးပွားဥစ္စာများမရရှိဘဲ ပျက်စီးဆုံးရှုံးရသည်လည်းရှိနေသည်။ ထိုအားထုတ်မှုများတွင် ပေါင်းသင်းဆက်ဆံရေးမကောင်းသဖြင့် ဆိုင်ပိတ်လိုက်ရသော ဖြစ်စဉ်လည်းဖြစ်ခဲ့သည်။ စေတနာမထားဘဲ အရည်အသွေးညံ့သောပစ္စည်းထုတ်လုပ်သဖြင့် မကြီးပွား၊ စီးပွားပျက်ရသူများလည်း ရှိသည်။ လုပ်ငန်းမကျွမ်းကျင်၍ စီးပွားပျက်ရသည်လည်း ရှိသည်။ အယုံအကြည်လွန်ကဲခဲ့မှုကြောင့် မိမိပစ္စည်းဥစ္စာ လုယက်ခံရမှု၊ အဆုံးစွန် လူပါအသတ်ခံရမှုလည်း ဖြစ်ပွားနေသည်။ ❖

**မီး**

မီးသည် ပြည်သူတို့၏မရှိမဖြစ် ပစ္စည်းဖြစ်သည်။ ချက်ပြုတ်စားသောက်သည်။ နေ့စဉ် အိမ်တိုင်းလုပ်ရသောအလုပ်မှစပြီး တိုင်းပြည်၏စီးပွားရေး၊ အုပ်ချုပ်ရေးကိစ္စများထိ မီးကိုသုံးစွဲနေရသည်မှာ အများသိပြီးဖြစ်သည်။ မီးကို သတိပြုသုံးစွဲလျှင် အကျိုးရှိပြီး ပေါ့ဆစွာသုံးစွဲလျှင် ပစ္စည်းဥစ္စာပျက်စီးရုံမျှမက လူ့အသက်ပေါင်းများစွာပါ သေဆုံးစေသည်။

လျှပ်စစ်မီးကို တောရောမြို့ပါ သုံးစွဲနေကြပြီဖြစ်ရာ မီးကြွင်းမထားရေးသည် အရေးအကြီးဆုံးဖြစ်သည်။ မီးဘေးရှောင် မလောင်ခင်တားကြရမည်မှာ လူတိုင်း၏တာဝန်ဖြစ်ပေသည်။ ထို့ပြင် တစ်ဦးတစ်ယောက်၏ ပေါ့လျော့မှုကြောင့် တစ်ရပ်ကွက်လုံး၊ ဈေးကြီးတစ်ဈေးလုံး မီးလောင်မှုများ ဖြစ်ပွားခဲ့သည်။

မီးနှင့်ဆက်စပ်ပြီး ဖြစ်စဉ်များလည်း ယခုအခါ ဖြစ်ခဲ့သည်။ အင်ဒိုနီးရှားတွင် လယ်ယာမြေရှိ အမှိုက်များ မီးရှို့မှု၊ တောမီးလောင်မှုကြောင့် မီးခိုးများ မိမိနိုင်ငံသာမက စင်ကာပူနိုင်ငံသို့ပါ မီးခိုးများပြန့်ပြီး စာသင်ကျောင်းများပိတ်ရမှု၊ အိမ်တွင်း၌သာနေရန် တားမြစ်မှုများဖြစ်ခဲ့သည်။ သို့ဖြင့် မီး၏အန္တရာယ်ကလည်း လူတို့၏ပစ္စည်းဥစ္စာများကို ပျက်စီးစေလေသည်။ အဓိက ကာကွယ်နည်းမှာ မီးကိုစနစ်တကျ အသုံးချရေးပင်ဖြစ်ပေသည်။ လယ်ယာအမှိုက်များ၊ ရပ်ကွက်တွင်းရှိအမှိုက်များ မီးမရှို့ရန်လိုသည်။

**ရေ**

မီးကဲ့သို့ လူတို့၏ပစ္စည်းဥစ္စာကို ပျက်စီးစေသော အရာမှာ ရေဖြစ်သည်။ ရေသည်လည်းလူတို့၏မသုံးလျှင်မဖြစ်သော ပစ္စည်းတစ်မျိုးဖြစ်သည်။ သို့သော် ရေကလည်း လိုအပ်သည်ထက် လွှမ်းမိုးမှုကြီးမားလာလျှင် လူတို့၏ပစ္စည်းဥစ္စာကို ပျက်စီးစေနိုင်သည်။

၁၉၉၇ ခုနှစ် ဩဂုတ် ၁ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာခဲ့သည်။ ရန်ကုန်မှ မော်လမြိုင်နှင့်ဘားအံသို့လာသည့် ပြည်ထောင်စုလမ်းမကြီးရှိ တံတားသုံးစင်း ရေထဲပြုတ်ပါပျက်စီးခဲ့သည်။ လယ်ဧကပေါင်းများစွာ ရေဘေးသင့်သဲဖုံးပြီး စိုက်ပျိုးစပါးသီးနှံများ ပျက်စီးခဲ့သည်။ ရန်ကုန်နှင့်ဘားအံ၊ ရန်ကုန်နှင့်မော်လမြိုင် မော်တော်ယာဉ်ဖြင့်သွားမရ လုံးဝပြတ်တောက်ခဲ့သည်။

ထိုအခါ စားရေရိက္ခာပြတ်ပြီး ဘားအံနှင့်မော်လမြိုင်တွင် ကုန်ပစ္စည်းပြတ်ကာ ကုန်ဈေးနှုန်းများတက်ခဲ့သည်။ ပြည်သူတို့ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ခံရသည်။ နိုင်ငံတော်က တံတားများပြန်ဆောက်ရသဖြင့် ပြည်သူ့ဘဏ္ဍာ ကျပ်သန်းပေါင်းများစွာ ကုန်ဆုံးရသည်။ လယ်သမားများ စပါးခင်းများပျက်၊ ပြန်စိုက်မရဖြစ်ခဲ့ရသည်။

ထိုသို့ ရေဘေးကလည်း ပြည်သူတို့ကို ဒုက္ခပေးနိုင်သည်။ ဤဒုက္ခဘေး ကင်းဝေးစေရန် ပြည်သူနှင့်အစိုးရ လက်တွဲညီညီ ဆောင်ရွက်ရပါမည်။ သစ်တောများ အကြီးအကျယ်ပြန်စိုက်ကြရပါမည်။ စိုက်သမျှ ရှင်သန်အောင် ထိန်းသိမ်းရပါမည်။ ပြည်သူတိုင်းကလည်း သစ်ခိုးခုတ်မှုများဆင်ခြင်ပြီး မိမိတို့ဝန်းကျင်တွင် တစ်အုပ်တစ်မ စိုက်ကြရပါမည်။

မြို့ရွာများ ရေကြီးရေလျှံမှုမဖြစ်စေရန် အစဉ်ကာကွယ်ရပါမည်။ ရေစီးရေလာကောင်းအောင် မြောင်းတူးကြရပါမည်။ အမှိုက်ကို စနစ်တကျ စွန့်ပစ်ကြရပါမည်။ အမှိုက်ဟူသမျှ သိမ်းဆည်းကြရပါမည်။ သို့ဖြင့် ရေကြောင့် ပစ္စည်းဥစ္စာပျက်စီးရခြင်းမှ ကာကွယ်ပြီးဖြစ်ပါမည်။

**မြှုပ်နှံထားသောပစ္စည်းများ နေရာရွေ့သွားခြင်း**

ရှေးလူကြီးများက မိမိပိုင်ရွှေထည်များကို မြေဝယ်မြှုပ်နှံသိမ်းဆည်းလေ့ရှိသည်။ ဤသို့သိမ်းဆည်းရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရာရွေ့ပြီးပျောက်ဆုံးရသည်။ ပျက်စီးရသည်။ ယနေ့ခေတ်တွင် ထိုသို့ ဆောင်ရွက်မှုလုံးဝမရှိတော့ပါ။ ထို့ကြောင့် ဤပျက်စီးကြောင်းတရားနှင့်ပတ်သက်၍ အကျယ်မဆွေးနွေးတော့ပါ။

**အားထုတ်မှုမကောင်းသဖြင့် လုပ်ငန်းများပျက်စီးခြင်း**

လူတို့သည် စီးပွားဥစ္စာရှာကြသည်။ သို့သော် အားထုတ်မှုကမှု မကောင်းသဖြင့် စီးပွားဥစ္စာများမရရှိဘဲ ပျက်စီးဆုံးရှုံးရသည်လည်းရှိနေသည်။ ထိုအားထုတ်မှုများတွင် ပေါင်းသင်းဆက်ဆံရေးမကောင်းသဖြင့် ဆိုင်ပိတ်လိုက်ရသော ဖြစ်စဉ်လည်းဖြစ်ခဲ့သည်။ စေတနာမထားဘဲ အရည်အသွေးညံ့သောပစ္စည်းထုတ်လုပ်သဖြင့် မကြီးပွား၊ စီးပွားပျက်ရသူများလည်း ရှိသည်။ လုပ်ငန်းမကျွမ်းကျင်၍ စီးပွားပျက်ရသည်လည်းရှိသည်။ အယုံအကြည်လွန်ကဲခဲ့မှုကြောင့် မိမိပစ္စည်းဥစ္စာ လုယက်ခံရမှု၊ အဆုံးစွန် လူပါအသတ်ခံရမှုလည်းဖြစ်ပွားနေသည်။ မကြာမီကာလက ဖြစ်စဉ်အချို့ဖော်ပြပါမည်။

အွန်လိုင်းပေါ်တွင်တွေ့ဆုံပြီး ရည်းစားဖြစ်သောစုံတွဲများ၊ အထူးသဖြင့် မိန်းမငယ်များ၊ ဇာစ်မြစ်မသိသူနှင့်ဆက်သွယ်၊ ယုံကြည်မှုလွန်ကဲ သို့ဖြင့်ချိန်းဆိုရာသွားတွေ့၊ ထိုအခါ မသမာသူရည်းစားက ဆိုးသွမ်းမိုက်မဲသူများနှင့်ပူးပေါင်းပြီး အမျိုးသမီး၏လက်ဝတ်ရတနာများကို လုယက်မှုဖြစ်ခဲ့သည်။ အခြားအမှုတစ်ခုမှာ ဇာစ်မြစ်မသိသောရည်းစားနှင့် ချိန်းတွေ့ရာမှ ကျူးလွန်ခံရပြီး ရည်းစားက အမျိုးသမီးငယ်ကိုသတ်ကာ ဝတ်ဆင်ထားသောရွှေထည်နှင့် တန်ဖိုးကြီးဖုန်း အယူခံရမှုဖြစ်သည်။

အားထုတ်မှုကောင်းလျှင် စီးပွားဥစ္စာများလုံခြုံပြီး ကြီးပွားတိုးတက်မည်မှာ အထူးဖော်ပြရန်မလိုအပ်တော့ပါ။ သတိသမ္ပဇဉ်ဉာဏ်ဖြင့်ယှဉ်ပြီး နေထိုင်လုပ်ကိုင်ကြရန်သာလိုပေသည်ဟု စေတနာကောင်းဖြင့် အကြံပေးပါသည်။

**အမျိုးထဲမှပင် ဖျက်ဆီးသူပေါ်လာခြင်း**

ဌာနတစ်ခု ရန်ကုန်မြို့မှ ဘူတာရုံငယ်တစ်ခုတွင် ငွေထိန်းသိမ်းရသူအနီးရှိ ဝန်ထမ်းက လက်ထောက်ချသဖြင့် ပြည်သူ့ဘဏ္ဍာတချို့ လုယက်ခံရသည်ဖြစ်စဉ်ဖြစ်ခဲ့သည်။ ဤသည်ကား ၂၀၂၂ ခုနှစ် ဩဂုတ်လ ကုန်ပိုင်းကဖြစ်သည်။

အိမ်စေ၏လက်ထောက်ချမှုကြောင့် ရွှေသေတ္တာ ပျောက်ဆုံးမှုဖြစ်သည်ကိုလည်း ကြားသိရသည်။ သက်ကြီးရွယ်အို အဘွားတစ်ယောက် ဆွေမျိုးရင်းချာ၏ခိုးယူမှုဖြင့် တစ်သက်တာစုဆောင်းထားသော ရွှေထည်များ ပျောက်ဆုံးမှုဖြစ်ရသည်။ အသေမဖြောင့်ခဲ့ရ၊ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ကွယ်လွန်ရသည်။ ဤသည်ကား ပစ္စည်းဥစ္စာပျက်စီးရသော အကြောင်းတရားတစ်ပါးဖြစ်သည်။ ထိုသို့မဖြစ်စေရန် ဌာနတွင်းသစ္စာဖောက်မရှိရေး ဆောင်ရွက်ရပါမည်။ မိမိအနီးကပ်ဆွေမျိုးများကိုလည်း မိမိပိုင်ပစ္စည်း မဖျက်ဆီးနိုင်စေရန် စီမံရပါမည်။ လှူသင့်သည်ကို လှူ၊ ပေးသင့်သည်ကိုပေး ပြုရပါမည်။ သို့မှ ပစ္စည်းဥစ္စာပျက်စီးမှုလျော့နည်းပါမည်။

**မတည်မြဲခြင်း**

မတည်မြဲခြင်းသဘောသည် လောကနိယာမတရားဖြစ်သည်။ လူလည်းမတည်မြဲ၊ ပစ္စည်းဥစ္စာလည်း မတည်မြဲပါ။ ပစ္စည်းဥစ္စာများသည် သက်တမ်းရှိသည်။ အချို့ပစ္စည်းက လပိုင်းသာအသုံးခံသည်။ အချို့က တစ်နှစ်တစ်ဝါ အသုံးခံသည်။ အချို့ပစ္စည်းက နှစ်လတ်ကာလဖြစ်သော ငါးနှစ်စသည်ခံသည်။ အချို့ပစ္စည်းက နှစ်ရှည်ခံသည်။

လုံးဝမပျက်စီးသောသဘော လူတွင်လည်းမရှိ၊ ပစ္စည်းတွင်လည်း မရှိပါ။ သို့သော် ဂရုတစိုက်အသုံးပြုလျှင် တစ်နှစ်ခံသည့်ပစ္စည်း တစ်နှစ်သုံးစွဲရပါမည်။ သုံးနှစ်၊ ငါးနှစ်ခံသည့်ပစ္စည်း ဤကာလမျှ သုံးရပါမည်။ ဂရုမပြု ပေါ့လျော့စွာသုံးစွဲလျှင် ယခုဝယ်ပြီး ချက်ချင်းပျက်စီးနိုင်ပါသည်။ ဤမတည်မြဲမှုသဘောကို လွန်မြောက်စေရန် ပစ္စည်းဥစ္စာများကို ဂရုတစိုက်သုံးစွဲရပါမည်။ ထိန်းသိမ်းရပါမည်။ သို့ဖြင့် ပျက်စီးမှုသက်သာပြီး ရေရှည်သုံးစွဲရပါမည်။ ဂရုမပြု၍ ပျက်စီးပါက အသစ်ဝယ်ရ၊ ပြုပြင်ရပြီး ရှိပြီးဥစ္စာ လျော့နည်းကုန်ဆုံးနိုင်ပေသည်။ ဤသည်ကိုသတိချပ်ပြီးဆောင်ရွက်ခြင်းဖြင့် ပစ္စည်းဥစ္စာများ ပျက်စီးမှုသက်သာကာ ငွေကြေးကုန်ကျမှုလျော့နည်းမည်ဖြစ်ပါသည်။

ဖော်ပြပါ ပစ္စည်းဥစ္စာ ပျက်စီးကြောင်းတရား ရှစ်ပါးကား မြတ်ဘုရားဟောတရားများဖြစ်ကြပေသည်။ မပျက်စီးသင့်ဘဲ မပျက်စီးစေရန်၊ မဆုံးရှုံးသင့်ဘဲ မဆုံးရှုံးစေရန် ရည်သန်ပြီး လေ့လာတွေ့ရှိရသည်ကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ ကြီးပွားရေးလမ်းညွှန်ချက်များ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကျမ်းပြုအရှင်ကဝိစေ မဟာဓမ္မာစရိယ**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပြင်သစ်ထံမှ Rafale-M တိုက်လေယာဉ် ၂၆ စင်းနှင့်တိုက်ခိုက်ရေးရေငုပ်သင်္ဘောသုံးစီး အိန္ဒိယရေတပ် ဝယ်ယူမည်



အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီသည် INS Vikrant လေယာဉ်တင် သင်္ဘောအတွက် Rafale-M တိုက်လေယာဉ် ၂၆ စင်းနှင့် မွမ်ဘိုင်းမြို့ Mazagon Dockyards တွင် တည်ဆောက်မည့်နောက်ထပ် Kalveri အတန်းအစား တိုက်ခိုက်ရေးရေငုပ်သင်္ဘောသုံးစီးတို့ကို ဝယ်ယူမည်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်က India News တွင် ဖော်ပြထားသည်။

အိန္ဒိယရေတပ်သည် လာမည့်နှစ်များအတွင်း လက်နက်တိုက်တွင် ရေကြောင်းစွမ်းအားနှင့် ရေတပ်လေကြောင်းအုပ်အတွက် စွမ်းအားစုများ ထပ်မံထည့်သွင်းသွားမည်ဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီသည် INS Vikrant လေယာဉ်တင်သင်္ဘောအတွက် Rafale-M တိုက်လေယာဉ် ၂၆ စင်း ဝယ်ယူရေးနှင့် Make in India မူဝါဒအရ Mazagon Dockyards Limited (MDL) တွင် Scorpene (Kalveri) အတန်းအစား တိုက်ခိုက်ရေးရေငုပ်သင်္ဘောသုံးစီး ထပ်မံတည်ဆောက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် မျှော်မှန်းထားကြောင်း သိရသည်။

ဝန်ကြီးချုပ်မိုဒီ၏ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်ထိ ပါရီ(ပြင်သစ်နိုင်ငံ) ခရီးစဉ်အတွင်း ချုပ်ဆိုမည့် ကာကွယ်ရေးသဘောတူညီချက်များနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ရုံးက တင်းတင်းကျပ်ကျပ်ထုတ်ဖော်ပြောဆိုထားသော်လည်း အိန္ဒိယနှင့်ပြင်သစ်တို့သည် ကာကွယ်ရေး စက်မှုလုပ်ငန်းများဆိုင်ရာ ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရန်အတွက် ပြည်တွင်းထုတ်အင်ဂျင်များနှင့် နည်းပညာများမှတစ်ဆင့် စစ်လက်နက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရေးကို ချဲ့ထွင်ရန် နှစ်နိုင်ငံကာကွယ်ရေး-စက်မှုလုပ်ငန်း လမ်းပြမြေပုံကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီနှင့် ပြင်သစ်သမ္မတ Emmanuel Macron တို့သည် အင်ဒို-ပစိဖိတ်ဒေသအတွက် နှစ်နိုင်ငံလမ်းပြမြေပုံကို ထုတ်ဖော်ပြသသွားမည်ဖြစ်ပြီး စွမ်းအားကြီးမားလာသော တရုတ်နိုင်ငံနှင့်အပြိုင်ဒေသတွင်းရှိ ပင်လယ်လမ်းကြောင်းများအတွက် လွတ်လပ်စွာရေကြောင်းသွားလာမှုနှင့်ရေကြောင်းလုံခြုံရေးကို သေချာစေရန် သီးခြားလုပ်ဆောင်ချက်များကိုပါ ထုတ်ဖော်ပြောကြားမည်ဖြစ်သည်။

ဝန်ကြီးချုပ်ရုံး (South Block)မှ လာသော သတင်းအချက်အလက်များအရ အိန္ဒိယရေတပ်အား Rafale-M တိုက်လေယာဉ် ၂၆ စင်းကို လိုအပ်ချက်အရလက်ခံမှု အဆိုပြုလွှာအတွက် ကာကွယ်ရေးဝန်ကြီး Rajnath Singh က ဇူလိုင် ၁၃ ရက်တွင် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီ (DAC)ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

Kalveri အတန်းအစား တိုက်ခိုက်ရေးရေငုပ်သင်္ဘော ခြောက်စီးအနက် နောက်ဆုံးတစ်စီးဖြစ်သော INS Vagsheer တိုက်ခိုက်ရေးရေငုပ်သင်္ဘောကို လောလောဆယ် စမ်းသပ်မှုများနှင့် ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်လျက်ရှိပြီး လာမည့်နှစ်တွင် တပ်တော်ဝင်တာဝန်ပေးအပ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

နောက်ထပ် Kalveri အတန်းအစား ရေငုပ်သင်္ဘော သုံးစီးကို DRDO က ဒီဇိုင်းထုတ်ထားသော်လည်း ပြင်သစ်နိုင်ငံရေတပ်အုပ်စုကစမ်းသပ်ပြီး အတည်ပြုမည်ဖြစ်သည်။

အဆိုပါရေငုပ်သင်္ဘောများတွင် Air Independent Propulsion (AIP) တွန်းကန်အားစနစ်ကို တပ်ဆင်အသုံးပြုသွားမည်လည်းဖြစ်သည်။ AIP သည် သာမန်ဒီဇယ်တိုက်ခိုက်ရေး ရေငုပ်သင်္ဘောများထက် ရေထဲတွင်အချိန်ကြာမြင့်စွာ ငုပ်၍ ဘက်ထရီများကို အားသွင်းရန်မလိုအပ်ဘဲ တစ်ပတ်ကျော်ကြာအောင် တာဝန်ထမ်းဆောင်နိုင်စွမ်းရရှိစေမည်ဖြစ်သည်။

DAC သည် INS Vikrant လေယာဉ်တင်သင်္ဘောအတွက် Rafale-M လေယာဉ် ၂၆ စင်းကို ဝယ်ယူရန်အတွက် လိုအပ်ချက်အရ လက်ခံမှုအဆိုပြုလွှာကို ခွင့်ပြုပေးမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် ပြင်သစ်အစိုးရနှင့် Dassault Aviation တို့ထံမှ အသက်သာဆုံးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် အစိုးရနှစ်ရပ်ကြားဈေးနှုန်း၊ စည်းကမ်းသတ်မှတ်ချက်၊ အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းသွားမည်ဖြစ်သည်။ တိုက်လေယာဉ် ၂၆ စင်းစလုံးသည် တစ်ယောက်မောင်း ဗားရှင်းများဖြစ်ကာ Goa တွင် အဆင့်မြင့် Simulators များဖြင့် လေ့ကျင့်သင်ကြားပေးနေသလိုပြင်သစ်နိုင်ငံတွင်လည်း ရေတပ်မှ လေသူရဲများကို သင်တန်းတက်ရောက်စေလျက်ရှိကြောင်း သိရသည်။

**Indian Navy to get 26 Rafale-M fighters and three attack submarines from France ကို ဘာသာပြန်ဆိုထားပါသည်။**

## ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် အိုင်အက်စ်အဖွဲ့ခေါင်းဆောင်သေဆုံးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောကြား



ဆီးရီးယားနိုင်ငံ အနောက်ဘက်ခြမ်းတွင် ရုရှားစစ်လေယာဉ်များက MQ-9 Reaper ဒရုန်းများအပေါ် နှောင့်ယှက်မှုများပြုလုပ်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် အမေရိကန်တို့၏ဒရုန်းဖြင့် တိုက်ခိုက်မှုတစ်ခုကြောင့် ဆီးရီးယားနိုင်ငံမှ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် သေဆုံးခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

MQ-9 Reaper ဒရုန်းသုံးစင်းသည် ဇူလိုင် ၇ ရက်က ရုရှားတိုက်လေယာဉ်မှ နှစ်နာရီနီးပါကြာ ကြားဖြတ်ဟန့်တားနှောင့်ယှက်မှုများပြုလုပ်ခဲ့ချိန်အတွင်း အဆိုပါ အိုက်အက်စ်အဖွဲ့ခေါင်းဆောင်ကို ရှာဖွေထောက်လှမ်းမှုပြုရန် ပျံသန်းနေခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဒရုန်းများဖြင့် တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အယ်လ်မူဟာဂျီယာသည် ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းတွင်ရှိနေသော်လည်း ပုံမှန်အားဖြင့် နိုင်ငံအရှေ့ဘက်တွင် နေထိုင်သူတစ်ဦးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ထည့်သွင်းပြောကြားခဲ့သည်။

တိုက်ခိုက်မှုကြောင့် အရပ်သားများတစ်ဦးတစ်ယောက်မျှ သေဆုံးခြင်းမရှိကြောင်းနှင့် အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က အကဲဖြတ်ဆန်းစစ်လျက်ရှိကြောင်း ဇူလိုင် ၉ ရက် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် အမေရိကန်နိုင်ငံ အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်က ပြောကြားသည်။

အမေရိကန်နိုင်ငံအလယ်ပိုင်းကွပ်ကဲမှုဌာနချုပ် လေတပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး Alex Grynkewich က ဇူလိုင် ၇ ရက်ကဝေဖန်၍ တွေ့ဆုံမှုအတွင်း ရုရှားလေယာဉ်များသည် MQ-9 ဒရုန်းများအနီး အန္တရာယ်များသည့်အခြေအနေများကိုရှောင်ရှားခဲ့ရသည့် အနီးကပ်ဖြတ်သန်းပျံသန်းမှု ၁၈ ကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် MQ-9 ဒရုန်းသုံးစင်းသည် အိုင်အက်စ်အဖွဲ့အပေါ် တိုက်ခိုက်ရေးမစ်ရှင် လုပ်ဆောင်နေချိန်တွင် ရုရှားစစ်လေယာဉ်များမှ အန္တရာယ်များပြီး ပရော်ဖက်ရှင်နယ်မဆန်သည့် ပျံသန်းစက်စားမှုများကြောင့် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပထမဆုံး တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။

ဇူလိုင် ၆ ရက်တွင် အမေရိကန်စစ်ဘက်က ရုရှားတိုက်လေယာဉ်များသည် ဆီးရီးယားကောင်းကင်ယံ၌ ပြင်သစ်နှင့်အမေရိကန်လေယာဉ်များနှင့် တွေ့ဆုံရာတွင် မယုံနိုင်လောက်အောင် အန္တရာယ်များစွာ ပျံသန်းခဲ့ကြောင်း ပြောကြားခဲ့သည်။

လေတပ်ဗဟိုဌာနချုပ်မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး မိုက်ကယ်အင်ဒရူးစ်က ဇူလိုင် ၆ ရက်က အဖြစ်အပျက်သည် တစ်နာရီခန့်ကြာမြင့်ပြီး SU-34 နှင့် SU-35 တိုက်လေယာဉ်တို့မှ MQ-9 ဒရုန်းဆီသို့ မီးကျည်များတိုက်ရိုက်ပစ်ချခဲ့သည်ဟု အခိုင်အမာ ပြောဆိုထားသည်။

အစောပိုင်းပျံသန်းမှုတွင် ဒရုန်းများ၌ လက်နက်များတပ်ဆင်ထားခြင်းမရှိသော်လည်း ဇူလိုင် ၇ ရက်တွင် အယ်လ်မူဟာဂျီယာနောက်သို့ ခြေရာခံထောက်လှမ်းနေချိန်တွင် လက်နက်များတပ်ဆင်ထားပြီးဖြစ်သည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

"ဒေသအနှံ့မှာ အိုင်အက်စ် အစွန်းရောက်အဖွဲ့တွေကို ချေမှုန်းသွားဖို့ကျွန်ုပ်တို့ ဆက်လက် ကတိကဝတ်ပြုထားဆဲဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြောကြားထားပြီးဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံအလယ်ပိုင်း ကွပ်ကဲမှုဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီး Erik Kurilla က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

**U.S. drone strike kills Islamic State leader in Syria, Defense Department says ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks families of Sittway and Kanni stations



Senior General Min Aung Hlaing meets the trainees from the local Advanced Military Training Depot in Kanni Station.

**Nay Pyi Taw July 11**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning met with officers, other ranks and families of Sittway Station at Maygawady Hall of the station and officers, other ranks, families and trainees from Tatmadaw and Myanmar Police Force from the local Advanced Military Training Depot in Kanni Station at Aungsitthi Hall separately.

Also present at the meetings were Daw Kyu Kyu Hla, wife of the Senior General, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, high ranking senior military officers of the Office of the Commander-in-Chief and their wives, and the commander of Western Command.

**Rehabilitation measures will be systematically taken for long term interests**

Speaking on the occasions, the Senior General recounted that he arrived in Sittway one day after the cyclone Mocha hit Rakhine State to give guidance for soonest undertaking rescue and relief measures and rehabilitation tasks. Cyclone Mocha was the most severe one causing loss and damage after Cyclone Nargis. Mocha left 148 persons dead but international community estimated that the region might face greater casualties. It should take a lesson from the past storm that as Myanmar carried out preparations, it could overcome these challenges with the least loss and damage. In the aftermath of the storm, guidance was given to carry out rescue and relief measures in clearing debris and rehabilitation measures. As some buildings totally collapsed, these were rebuilt as new ones. Guidance has been given that new buildings must be constructed for long term existence and remaining buildings must be renovated for long term existence and resilience against natural disasters. As it is necessary to calculate the constructions for long term sustainability, it needs to take a long time. If greater efforts can be made for doing rehabilitation tasks, work process will complete quickly. So, the Senior General urged all to make strenuous efforts for all measures.



Senior General Min Aung Hlaing greets the trainees.

**Growing trees can prevent unfavourable weather and disasters**

As natural disaster cannot be predicted, it can forecast possibility of disasters ahead of some weeks. As Rakhine State is located in the coastal area, it will surely face storms, heavy rains and flooding. Hence, it is necessary to take preparations without fail. The Senior General stressed the need to grow trees as natural barriers to prevent strong winds and unfavourable weather. Trees can be seen on the mountain ranges related to Rakhine mountain ranges and most of the areas can be seen as plains. As such, people need to grow trees in villages and wards as well as towns. It can be seen that cutting trees are larger than growing. People cut the trees to be firewoods as well as timber for construction of buildings. Hence, trees from natural forests lost, causing climate change. As part of preventing natural disasters, trees must be grown. It is necessary to cooperate with local people in growing trees so as to be plentiful of trees and forests in the relevant regions. In the future, an emphasis must be placed to grow trees at present for ensuring fine weather and preventing natural disasters to some extent in their regions.

Officers, other ranks and families have been given adequate plots at their housings to grow shade trees and windbreaks. Every soldier needs to systematically live at the allocated buildings and maintain them as much as they can.

After Cyclone Mocha, foodstuffs are being sent from Yangon to the people, departmental personnel and security forces in Sittway for convenience of food supply. As Tatmadaw has been encouraging the undertakings of manageable scale agriculture and livestock tasks for many decades, those from the units can consume sufficient meat, fish and vegetables and sell them to the local people at fair prices.

**Needs to dutifully serve assignment based on techniques from training and experiences**

In serving the duties, each Tatmadaw members have to be soldierly with military awareness and military conscience. Whenever they serve any assignments, they have to be ready to fight and discharge State defence duties. They must have comprehensive skills in military warfare. Training depots give training on administration, military techniques and office tasks to trainees in line with their levels. Hence, they have to combine techniques from the training and experiences in serving the duty as good soldiers. These military techniques were trained for having success in the fighting. If they apply them, they will have the capacity to effectively combat enemies and dutifully serve the State defence duties and security measures. Training is being given to them to have knowledge to dutifully discharge individual duties.


In order to serve the defence and security duties, they must be healthy and fit. They must have healthy lifestyle and take training for healthy and fit situation.



Senior General Min Aung Hlaing greets Tatmadaw members and families from Sittway Station.

*See Page 13*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay obeisance to Lawka Nanda Landmark Pagoda of Sittway, offer Waso robes, alms to members of Sangha



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to Sayadaws.

**Nay Pyi Taw July 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by the entourage, the chief minister of Rakhine State, the commander of the Western Command and officials, paid obeisance to the Lawka Nanda Landmark Pagoda of Sittway in Rakhine State this morning.

The Senior General and wife and party were greeted by members of the pagoda board of trustees. Then, the Senior General and wife and party paid obeisance to a Buddha image in the pagoda and offered flowers, water and lights to it.

Then, the Senior General and wife and party offered Waso robes, rice and alms to Sayadaws in Sittway and received the five precepts from members of the Sangha led by State Ovadacariya Presiding Nayaka Sayadaw Agga Maha Pandita Agga Maha Gantha Vacaka Pandita Bhaddanta Nandasiri of the Nanda Rama Pariyatti Buddhist Learning Monastery in Sittway.

After meditating on the metta sutta paritta delivered by members of the Sangha, the Senior General and wife and party offered Waso robes, rice and alms to the presiding Sayadaw.

Then, Joint Secretary Lt-Gen Ye Win Oo and members General Mya Tun Oo, Dr Aung Kyaw Min and Lt-Gen Yar Pyae of the SAC, union ministers, the Chief of General Staff (Army, Navy, Air) and senior officers from the Office of the Commander-in-Chief of Defence Services offered alms to members of the Sangha.

Afterward, the Senior General and wife and party took Anumodana sermon delivered by Township Ovadacariya Presiding Nayaka Agga Maha Saddhama Jotika Dhaja Agga Maha Gantha Vacaka Pandita Bhaddanta Nannavamsa and shared merits.

The ceremony concluded with the three-time recitation of Buddhasasanam Ciram Tthtthatu.

Afterward, the Senior General and party proceeded to the ancient historic U Ye Kyaw Thu Monastery in Sittway and paid obeisance and offered alms and cash donations to Sayadaw Bhaddanta Jotipala.

Then, the Senior General supplicated information about the damage caused by Cyclone Mocha and addressed formally about repair tasks to the Sayadaw.

Then, the Senior General and party inspected damage in the monastery and at the Sakyamuni Pagoda Ordination Hall. The Senior General gave instructions on renovation of the monastery in its original style as it is an historic one, the need to repair the roof of the Sakyamuni Pagoda Ordination Hall as a priority, to keep the precinct of the pagoda clean and tidy and to take other necessary measures to officials. 100



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.

---

*From Page 12*

If so, they will dutifully serve the duties in the battle fields and protect themselves as well as their units.

With regard to the political affairs, the government is implementing two national objectives and political objective each. Tatmadaw firmly believes that as it implements the noble tasks, these tasks will be accomplished. The Tatmadaw has pledged to hold the multiparty democracy general election in a peaceful and stable situation. Tatmadaw born of the people is one of the parts of the country. The Tatmadaw will firmly stand tall for the State to be able to correctly walk on the multiparty democracy path.

Efforts are being made to ensure the prosperity of the state and the security of food, water and basic needs. To ensure the prosperity of the state, the country must be stable and fully democratic. It is necessary to end armed conflicts for the stability of the state. Only when measures are taken to instill knowledge and skills in the people, will the lives of them improve. Tasks must be carried out seriously. Priority must be given to easy tasks with the aim of achieving difficult ones firmly.

**Emphasis placed on enhancement of quality of education**

As today is the age of education, it is necessary to encourage the enhancement of education of oneself and one's offspring. Only when one has received a formal education, will one be able to acquire advanced knowledge. To do so, the Tatmadaw has been publishing books and literature. The Tatmadaw has been supporting the education of offspring of Tatmadaw families and honouring outstanding ones. Efforts must be made to enhance the education of one's offspring. It is necessary to systematically cultivate one's offspring to be clever and to stand on their own feet as outstanding ones. In conclusion, the Senior General urged all to perform defence and security duties assigned to them.

Then, the Senior General presented foodstuffs for officers, other ranks, families and trainees from respective stations to responsible officers and the wife of the Senior General presented cash rewards for maternal and child welfare associations in the station to officials.

After the meeting, the Senior General and party cordially greeted the officers, other ranks, families and trainees who attended the meeting. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets persons taking part in rehabilitation activities in Sittway and donors preparing free meal for storm victims


Senior General Min Aung Hlaing and Daw Kyu Kyu Hla visit Sittway Cultural Museum.

**Nay Pyi Taw July 11**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, his entourage and the Rakhine State chief minister, the Western Command commander and officials, visited this morning the persons who were taking part in rehabilitation activities in Sittway, Rakhine State, and families of SKY NET, Myanmar Licensed Contractors Association (MLCA), Myanmar Licensed Contractors Public Company Limited (MLCP), Myanmar-India-China International Friendship& Economic Development Association (MICA), and Friends of All Religions, cooking vegetable biryani under the 50-day charity program for the convenience of storm victims.

The Senior General and party were welcomed by officials of the charity program. They observed the preparations to send packages of vegetable biryani to volunteers taking part in rehabilitation and to the victims. The Senior General and party gave words of encouragement and presented honorary cash awards to volunteers.

On behalf of the people of Rakhine State, officials of Rakhine Buddhist Association, Christian Association, Islam Association, and Hindu Association of the charity program, expressed profound thanks to the Senior General who was visiting the storm-hit Rakhine State and looking into the requirements in person. The officials said they were truly encouraged by his visit to their program and were also relieved from tiredness caused by the daily charity activities to a certain degree. The religious associations wished the Senior General and wife and government officials health and prosperity and prayed for them to serve the interest of the people and nation more and success in their work.

The Senior General and party arrived at Tat Oo Hsutaung Pyae Pariyatti School in Sittway and presented boxes of vegetable biryani donated by SKY NET, Myanmar Licensed Contractors Association (MLCA), Myanmar Licensed Contractors Public Company Limited (MLCP), Myanmar-India-China International Friendship& Economic Development Association (MICA), and Friends of All Religions, under 50-day charity program, to members of Fire Service Department who were carrying out rehabilitation activities.


Senior General Min Aung Hlaing and Daw Kyu Kyu Hla view a booth at the museum.

The Senior General said FSD members played a vital role in rehabilitation activities. Thanks to their efficiency they could accomplish the work to a certain degree in a short time. He then presented honorary cashawards for them through an official.

In the afternoon, the Senior General and wife and party visited Rakhine State Museum in Sittway where they were welcomed by Deputy Minister for Religious Affairs and Culture Daw Nu Mya Zan, Director of Department of Archaeology and National Museum (Sittway branch) Daw Aye Nilar and officials. The Senior General and party were conducted round show-rooms of Rakhine ancient cities, Rakhine literature, Rakhine ancient coins, Rakhine ethnic groups, Rakhine traditions, Rakhine State and Buddhist culture, traditional kyin sports. The Senior General asked for more information and looked into the requirements. He then signed the visitor's book.

During inspection of Danyawady Sports Grounds, the Senior General and party heard a report presented by Deputy Minister for Sports and Youth Affairs Dr Soe Win. In response, the Senior General gave guidance to officials on building a sports ground that houses indoor stadium, modern tracks and stands, and also a modern swimming pool. 100


Senior General Min Aung Hlaing presents biryani and cash award to firefighters.


Senior General Min Aung Hlaing and Daw Kyu Kyu Hla encourage those cooking biryani.


Senior General Min Aung Hlaing and Daw Kyu Kyu Hla encourage those cooking biryani.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses ceremony to mark World Population Day 2023



Vice-Senior General Soe Win addresses World Population Day.

**Nay Pyi Taw July 11**

World Population Day 2023 was marked at Myanmar International Convention Center-2 in Nay Pyi Taw at 9.30 am today with an address by Patron of the Central Census Commission Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present on the occasion were SAC members, the Union Election Commission chairman, union ministers, the Nay Pyi Taw Council chairman, deputy ministers, diplomats, permanent secretaries, directors general, officials and guests.

In his speech, the Vice-Senior General said World Population Day was designated on 11 July 1987 when the global population reached five billion with the aim of solving population-related problems and focusing on all-round development programs for the entire humanity.

It is also celebrated yearly with the aim of promoting good practices such as the importance of reproductive health, gender equality, poverty reduction and maternal and child health to be able to create a better quality and more prosperous society in the all the humans stay fit and healthy and having an extensive knowledge of population data at home and abroad.

As a UN member, Myanmar has been holding the event since 1990, and now it is the 34th.

The UN announced on 15 November last year that the global population had reached eight billion, which is the landmark of humans. Studying the global population, it took over 120 years to increase from one billion to two billion and over 30 years to increase from two billion to three billion. But later on, it takes just over one decade to increase to one more billion. It took only 12 years to increase seven billion to eight billion. Such a burgeoning population and increased life expectancy have resulted from the improved health, nutrition, personal hygiene and medical science.

With a fast-growing population, there have come more disadvantages in many countries such as inequality, rich-poor gap, food insecurity, water shortages and climate change.

Most developed countries see their decreasing birth rates, contributing to labour shortages and an aging population. Meanwhile, the countries with slow progress have to struggle with their daily needs due to their increased populations. About 10% of the global population is under the poverty line with a daily income of less than 2 dollars.

To end poverty, protect the globe and improve the entire humanity and their expectations, the UN has set 17 sustainable development goals with 169 objectives. The UN member countries are to meet those goals by 2030.

In realizing those sustainable development goals, Myanmar is taking measures to ensure balanced development in the social, economic and environmental conservation sectors, reduce poverty, promote women's quality and ensure gender equality. A sustainable and balanced development project is being implemented with the aim to build a prosperous union based on democracy and federalism.

Looking at the population data of Myanmar, the population was 55.7 million on 1 October 2022, which was calculated based on the national census of 2014. The population is expected to reach over 59.3 million by 2030.

Now is the time when Myanmar is seeing the fruitful results of its increased population. Thus, the strength of the youths and women must be enlisted in implementing national projects. There must also be preparations to improve the social protection system and create decent jobs for the elders as the aging population will increase in future.

Meanwhile, the policies related to youth affairs and child care and development are being implemented. Sustainable Development Goal-5 must continue to be implemented to ensure gender equality and rights and privileges for women young and old.

The 2008 constitution states gender equality provisions in Section 21 Subsection A of Chapter 1 and Section 348 of Chapter 8.

Myanmar joined the UN Convention on the Elimination of All Forms of Discrimination Against Women in 1997, and has been submitting reports. Likewise, as a member country, Myanmar is actively participating in the ASEAN Commission on the Promotion and the Protection of the Rights of Women and Children and cooperating with the international community.

With the leadership of the Myanmar National Committee for Women's Affairs, the National Strategic Plan for Advancement of Women was implemented with the measures on gender equality. To be able to continuously take the measures, a work schedule is underway to draw the second phase of the national strategic plan.

With the aim of achieving the sustainable development of maternal and reproductive health activities, efforts are being made giving a priority to having a decrease in maternal mortality rate, to ensure that women of reproductive age will be qualified as mothers and to let reproductive health activities be within the compass of everybody's comprehension.

For all the people living in Myanmar to fully enjoy sexual and reproductive health rights, the National Sexual and Reproductive Health and Rights Policy is being implemented. Besides, the Five-Year Strategic Plan (2021-2025) on Sexual, Reproductive, Maternal, Neonatal, Under-five-year Child and Adolescent Health has been laid down and measures are being taken as per the tactics and work schedules to let maternal and reproductive health activities be within the compass of everybody's comprehension.

Centres that can render complete nursing service to the people suffering gender-based violence have been opened at public hospitals in Nay Pyi Taw, Pindaya, Mawlamyine, Thaton, Myitkyina and Waingmaw and measures are being taken to extend such centres at other region-and-state-level public hospitals.

The United Nations has laid down themes for World Population Day annually on giving encouragement to boosting the measures such as safeguarding the health and rights of women and girls, focusing on productive health, ensuring gender equality and implementing family planning.

Based on the population policies laid down by the UN, this theme to mark World Population Day for 2023 was discussed and designated for our country. This year's theme to mark the World Population Day reflects boosting effective promotion on the population and development sectors being carried out by our country.

The main message that the motto gives says that a country's development could not be measured based only on its small or big population but implementation of good policies laid down in that country and implementation of sector-wise development projects upon its situation is more important. Myanmar needs to apply population and development harmoniously.

In carrying out the measures for improvement of socioeconomic sectors of Myanmar, efforts are to be made to ensure good life in general through taking measures on boosting women's empowerment, gender equality, family planning and maternal and reproductive health.

The world's pollution has reached 8 billion people. Despite the constant increase in the population, it is expected that the population rate will gradually become slow in the future due to continuous decrease in the birth rate over the past 50 years. With the drop in birth rate and increase in life expectancy of man, the elderly dependency ratio may increase day by day. But, as migrants from poor countries with high birth rate are moving to the countries with low birth rate, the population rate will be continuously growing. The countries that migrants have left will face a decrease in population.

It is learnt that women live longer than men although more boys than girls are born across the world.

It will be seen that opportunities could be grasped through finding ways to overcome difficulties being currently faced in world nations in changes of population. Myanmar also has to grasp opportunities from changes on population bracing for the difficulties and challenges experienced currently. Therefore, to be able to grasp opportunities from changes of population in our country, the pilot census will be conducted in October, 2023 and the nation-wide population census from October 1 to 15 in 2024. Only if important data on population and correct figures are acquired, will there be opportunities for all-round development of the nation, and efforts could be made to build a good future for ensuring truly and fully disciplined multi-party democracy and emergence of a union based on democracy and federalism. Accordingly, all are to work together.

The attendees who are present at the ceremony to mark World Population Day thanked departments and organizations that helped collect world-class data on Myanmar's population through participating in conducting the phases of census collection. It is necessary to collectively help conduct the pilot census process in 2023 and all stages of the census process on population and housing census in 2024.

Afterwards, Union Minister for Immigration and Population U Myint Kyaing briefed on the change of population in Myanmar and suggestions on policy.

Then, an educational video clip on collecting population and housing census in 2024 was shown.

Later, the Vice-Senior General, together with the attendees, had a documentary photo taken and took a tour of exhibits marking the 2023 World Population Day. 100



နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဦးရဲကျော်သူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက သကျမုနိဘုရားကြီးသိမ်တော်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှအဆက်**

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရွှေဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို မေးမြန်းလေ့လာပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမည့်အခြေအနေများအား လေ့လာထားတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီးသိမ်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ ယခုကျောင်းတိုက်ကြီးသည် သမိုင်းဝင်ကျောင်းတိုက်ကြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူလလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သကျမုနိဘုရားကြီးသိမ်တော်ကိုလည်း လတ်တလောဦးစားပေးပြုပြင်ရမည့် အမိုးများ အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကာများပြုပြင်ရာတွင်လည်း မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ရွှေဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစဉ်။




မုန်တိုင်းဒဏ်ကြောင့် သကျမုနိဘုရားကြီးသိမ်တော် ထိခိုက်ပျက်စီးနေမှုအခြေအနေကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများချက်ပြုတ်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများထံသို့ပေးပို့ရန် သီးနှံပေါက်ချက်ပြုတ်နေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများထံသို့ပေးပို့ရန် သီးနှံပေါက်များ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၅၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို စတုဒိသာအလှူတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့်

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကို စတုဒိသာအလှူတော်အစီအစဉ်တွင်ပါဝင်သည့် အစ္စလာမ်ဘာသာရေးအဖွဲ့မှ တာဝန်ရှိသူများက ဆုတောင်းမေတ္တာပို့သ၍ ဆုတောင်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကို စတုဒိသာအလှူတော်အစီအစဉ်တွင်ပါဝင်သည့် ခရစ်ယာန်ဘာသာရေးအဖွဲ့မှ တာဝန်ရှိသူများက ဆုတောင်းမေတ္တာပို့သ၍ ဆုတောင်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို အလှူရှင်များလှူဒါန်းသည့် သီးစုံဒံပေါက်ဘူးများကို ပေးအပ်စဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

သဘာဝဘေးဒဏ်သင့် ပြည်သူများထံသို့ ပေးပို့ရန် သီးစုံဒံပေါက်များထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် စတုဒိသာအလှူတော်အစီအစဉ်တွင်ပါဝင်သည့် ရခိုင်ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအဖွဲ့၊ အစ္စလာမ်ဘာသာရေးအဖွဲ့နှင့် ဟိန္ဒူဘာသာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်သင့်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသည့် ရခိုင်ပြည်နယ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် ရခိုင်ပြည်သူများကိုယ်စား မိမိတို့ဘာသာရေးအသင်းအဖွဲ့များကအထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့၏ စတုဒိသာအလှူတော်အစီအစဉ်ကို လာရောက်အားပေးသည့်အတွက်လည်းအားတက်ရပါကြောင်းနှင့်နေ့စဉ်မပျက်မကွက်ဆောင်ရွက်ခဲ့ရသည့် ပင်ပန်းမှုများလျော့ကျသွားသည်ဟုခံစားရပါကြောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံးကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ပြည်သူလူထု၏အကျိုး၊နိုင်ငံတော်၏အကျိုးကို ယခုထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအားလုံးအောင်မြင်ပါစေကြောင်းကို မိမိတို့ဘာသာရေးအသင်းအဖွဲ့များက ဆုတောင်းမေတ္တာပို့သပါကြောင်းဖြင့် အသီးသီးဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊MLCP အများပိုင်ကုမ္ပဏီလီမိတက်၊မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့်ဘာသာစုံမိတ်ဆွေများမှ ရက် ၅၀ စတုဒိသာအလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ဘူးများကို သွားရောက်ထောက်ပံ့ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက စစ်တွေမြို့ ညောင်ဝတီအားကစားကွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးမှုများသည် များစွာအထောက်အကူပြုပါကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုများကြောင့် ယခုကဲ့သို့မြန်မြန်ဆန်ဆန်ဖြင့် လုပ်ငန်းများအတိုင်းအတာတစ်ခုထိ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါ်အေးနီလာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရခိုင်ရှေးဟောင်းမြို့တော်များပြခန်း၊ ရခိုင်စာပေကဏ္ဍပြခန်း၊ ရခိုင်ရှေးဟောင်းဒင်္ဂါးများပြခန်း၊ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများပြခန်း၊ ရခိုင်ဓလေ့ထုံးစံများပြခန်း၊ ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓယဉ်ကျေးမှုပြခန်း၊ ရိုးရာကျင်အားကစားပြခန်းတို့အတွင်း စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ဝတီအားကစားကွင်းသို့ရောက်ရှိစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်အားကစားပွဲများကို ကျင်းပနိုင်သည့် မိုးလုံလေလုံအားကစားရုံ၊ ခေတ်မီပြေးလမ်းနှင့်ပွဲကြည့်စင်ပါ အားကစားကွင်းနှင့် အဆင့်မီရေကူးကန်တို့တည်ဆောက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

☆ **ကျောဖုံးမှအဆက်**

တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်တွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများနှင့် လူသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစူးစိုက်မိလာစေရန်ရည်ရွယ်၍ ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြောင်း။

လူသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ဘဝအရည်အသွေးတိုးတက်ကောင်းမွန်စေရေးနှင့်သာယာဝပြောသည့် လူ့ဘောင်သစ်တည်ထောင်နိုင်ရေးအတွက် မျိုးဆက်ပွားကျန်းမာရေး၏အရေးပါမှု၊ ကျား၊ မ တန်းတူညီမျှမှု၊ ဆင်းရဲမှု၊ မိခင်နှင့်ကလေးကျန်းမာရေး စသည့်လူဦးရေနှင့်ကောင်းမွန်သောအလေ့အထများမြှင့်တင်နိုင်ရန်၊ပြည်တွင်းပြည်ပလူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့ကျင်းပသည့် အခမ်းအနားသည် ၃၄ ကြိမ်မြောက် အခမ်းအနားဖြစ်ကြောင်း။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကမ္ဘာ့လူဦးရေ သန်း ရှစ်ထောင်ပြည့်ပြီဟု ကုလသမဂ္ဂကထုတ်ပြန်ခဲ့ကြောင်း၊ ကမ္ဘာ့လူဦးရေ သန်း ရှစ်ထောင်ပြည့်ခြင်းသည် လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေတိုးတက်လာမှုကို လေ့လာကြည့်မည်ဆိုပါက သန်းတစ်ထောင်မှ နှစ်ထောင် တိုးပွားရန် နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်ကျော်၊ သန်းနှစ်ထောင်မှ သန်း သုံးထောင် တိုးပွားရန် နှစ်ပေါင်း သုံးဆယ်ကျော်ကြာမြင့်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် သန်းတစ်ထောင်တိုးရန် ဆယ်စုနှစ်တစ်ခုကျော်သာ ကြာမြင့်လာတော့ကြောင်း၊ ကမ္ဘာ့လူဦးရေ သန်း ခုနစ်ထောင်မှ ရှစ်ထောင်ပြည့်ရန် ၁၂ နှစ် သာကြာမြင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လူဦးရေအလျင်အမြန်တိုးတက်လာခြင်းသည် လူများ၏ ကျန်းမာရေး၊ အစာအာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများတိုးတက်ကောင်းမွန်လာခြင်း၏ အကျိုးဆက်အဖြစ် လူ့သက်တမ်းများ ပိုမိုရှည်ကြာလာခြင်းကြောင့်ဖြစ်ကြောင်း။

သို့သော် ကမ္ဘာ့လူဦးရေလျင်မြန်စွာတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် တန်းတူညီမျှမှုမရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုပိုများလာခြင်း၊ စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတု ဖောက်ပြန်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသူများလည်း တိုးပွားလာသည်ကိုတွေ့ရကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်း ကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားရှားပါးလာပြီး သက်ကြီးရွယ်အိုများပြားလာသည့် အခြေအနေကို ရင်ဆိုင်နေကြရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည့် နိုင်ငံများတွင် လူဦးရေတိုးပွားမှုမြန်ဆန်လာသည့်အတွက် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုလုပ်ရှားရုန်းကန်နေကြရကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ရက်လျှင် နှစ်ဒေါ်လာအောက်သာရရှိသည့် ဆင်းရဲမှုမျဉ်းအောက်တွင် ရောက်ရှိနေကြသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆင်းရဲမှုအဆုံးသတ်ရန်၊ ကမ္ဘာမြေကိုကာကွယ်ရန်နှင့်လူအားလုံး၏ ဘဝနှင့် မျှော်လင့်ချက်များတိုးတက်ကောင်းမွန်လာစေရန် စသည်တို့ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရေးယူဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ”** ကို ပန်းတိုင် ၁၇ ခု၊ ဦးတည်ချက် ၁၆၉ ခုဖြင့် ရေးဆွဲထားရှိကြောင်း၊ အဆိုပါ ပန်းတိုင်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဆင်းရဲမှုလျှော့ချရေး၊ အမျိုးသမီးများ၏စွမ်းရည်မြှင့်တင်ရေးနှင့် ကျား၊မ တန်းတူညီမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံကိုလည်း ငြိမ်းချမ်းပြီး သာယာဝပြောသည့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်စေရေးရည်မှန်းပြီး **“မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း”** ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကိုအခြေခံ၍ လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၇ သန်းကျော်ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်ကာလသည် လူဦးရေဆုလာဘ်ကို ရရှိခံစားနေချိန်ဖြစ်သည့်အတွက် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအစီအမံများတွင် လူငယ်လူရွယ်များ၏စွမ်းအားဖြင့် အမျိုးသမီးများ၏အင်အားကို ထိရောက်စွာထည့်သွင်းအသုံးချရန်လိုအပ်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့်သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။

တစ်ဆက်တည်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိနိုင်ရေးဆောင်ရွက်လျက်ရှိရာ လူငယ်ရေးရာမူဝါဒ၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ စသည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျား၊မ တန်းတူညီမျှမှုရှိစေရေး အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင် ၅ ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျား၊မ တန်းတူညီမျှရေးနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း-၁၊ ပုဒ်မ-၂၁၊ ပုဒ်မခွဲ-က နှင့် အခန်း-၈၊ ပုဒ်မ ၃၄၈ တို့တွင် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် - အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာကို ရေးသားပြုစု တင်သွင်းလျက်ရှိကြောင်း၊ အလားတူ အာဆီယံအမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ **“အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာကော်မတီ”**တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း နိုင်ငံတကာနှင့်ဒေသတွင်း၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ဦးဆောင်မှုဖြင့် **“အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း”**ကို ကျား၊မ ရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ဒုတိယအဆင့် ရေးဆွဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်၊ အရေးကြီးသည့် လူဦးရေအချက်အလက်များနှင့် မှန်ကန်သည့်ကိန်းဂဏန်းများ ရရှိမှသာ နိုင်ငံ၏ ဘက်စုံ၊ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများပေါ်ထွက်ရရှိလာမည်ဖြစ် . . .**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။**

မြန်မာနိုင်ငံ၌ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များပြည့်မီရန်ရည်ရွယ်ပြီး မိခင်သေဆုံးမှုများ လျော့နည်းကျဆင်းစေရေး၊ မျိုးဆက်ပွားနိုင်သောအရွယ်ရှိ အမျိုးသမီးများအရည်အသွေးပြည့်ဝသော မိခင်ဖြစ်ရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီရရှိစေရေး ဦးစားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို အပြည့်အဝခံစားခွင့် **စာမျက်နှာ ၂၂ သို့**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင်ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင်ကျင်းပမည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းက Yekaterinburg မြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် Yekaterinburg မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ ဘီလာရုစ်၊ ကာဇက်စတန်၊ အာမေးနီးယား၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ်စတန်၊ တာဂျစ်ကစ်စတန်၊ သီရိလင်္ကာ၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုစ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များက အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Sustainable Manufacturing Strategies of Renewal ခေါင်းစဉ်ဖြင့် ဆွေးနွေးသော Panel Discussion သို့ တက်ရောက်ပြီး Moderator မှမေးမြန်းသည့် Building Economic Relations and Protecting your Own Manufacturer နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသားများ၏ သက်သာချောင်ချိရေးအတွက်ဦးတည်ကာ ပြည်တွင်းထုတ်လုပ်မှုများကို တိုးမြှင့်ပြုလုပ်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲရန်လုံလောက်သည့်အပြင် ပိုလျှံလာပါက အိမ်နီးချင်းနိုင်ငံများသို့တင်ပို့မှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြေမျက်နှာသွင်ပြင်အနေအထား၊ သဘာဝသယံဇာတပေါကြွယ်မှု၊ အထူးအားဖြင့် သံရိုင်းများထုတ်ယူနိုင်မှုအခြေအနေ တူညီမှုများစွာရှိကြောင်း၊ ထို့ကြောင့် သံမဏိထုတ်လုပ်ရေးသည်လည်း အလေးပေး ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံက လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံက အကူအညီများပေးအပ်လျက်ရှိကြောင်း၊ သံမဏိစက်ရုံ စီမံကိန်းတည်ဆောက်မှု လုပ်ငန်းများ ပြီးမြောက်၍ စတင်လည်ပတ်နိုင်ပါက ပြည်တွင်းသံမဏိလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပြည်ပမှသံမဏိတင်သွင်းမှုများလျှော့ချနိုင်မည်ဖြစ်ကြောင်း။

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုခန့်မှစတင်၍ မြန်မာလူငယ်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ်များ၊ လေကြောင်း၊ ရေကြောင်းအင်ဂျင်နီယာဘာသာရပ်များနှင့် အခြားသော ဘာသာရပ်များစွာတို့ကို သင်ယူတတ်မြောက်စေရန်ပညာတော်သင်များအဖြစ် စေလွှတ်ခဲ့ပါကြောင်း၊ အဆိုပါလူငယ်များသည် ယခုအချိန်တွင်သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ စွမ်းရည်ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး နိုင်ငံ၏လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးဆိုင်ရာအကူအညီဖြင့် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း စဉ်ဆက်မပြတ်တိုးတက်နေသော စက်မှုနိုင်ငံအဖြစ်သို့ပြောင်းလဲနိုင်ရေး အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းရှိ အခြေအနေများသာမကဘဲ ပြည်ပအခြေအနေများ၏ လွှမ်းမိုးမှုများစွာရှိသည်ကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များသည် မြန်မာနိုင်ငံအတွက်လည်း အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင်ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Sverdlovsk Region Governor က တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Denis Manturov၊ နိုင်ငံတကာမှဝန်ကြီးများ၊ သံတမန်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၃ မှအဆက်**

ရရှိစေရေးအတွက် **"လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာအမျိုးသားအဆင့်မူဝါဒ"**ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် "**လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွား၊ မိခင်၊ မွေးကင်းစ၊ ငါးနှစ်အောက်ကလေးနှင့် ဆယ်ကျော်သက်ဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၂၅)**"ကိုလည်း ရေးဆွဲထားပြီး အဆိုပါမဟာဗျူဟာစီမံကိန်းပါ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များအတိုင်း မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျားမ အခြေပြုအကြမ်းဖက်မှုခံစားနေရသောသူများအား ပြီးပြည့်စုံသောပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာများကို နေပြည်တော်၊ ပင်းတယ၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂအနေဖြင့် နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို ချမှတ်ခဲ့ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများကာကွယ်စောင့်ရှောက်နိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေးကို အလေးပေးဆောင်ရွက်ရေး၊ ကျားမ တန်းတူညီမျှမှုရှိစေရေး၊ မိသားစုစီမံကိန်းအကောင်အထည်ဖော်ရေး စသည်တို့ကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေး တွန်းအားပေးသည့်အနေဖြင့် ဆောင်ပုဒ်များ သတ်မှတ်လာကြောင်း။

ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို ကုသမဂ္ဂကချမှတ်ထားသည့် လူဦးရေဆိုင်ရာ မူဝါဒများကိုအခြေခံ၍ မိမိတို့နိုင်ငံအတွက် ဆွေးနွေးဆုံးဖြတ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍများကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ထင်ဟပ်စေသည့် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ဆောင်ပုဒ်သည် "**ကမ္ဘာ့လူ့ဘောင်သာယာဖို့ လူဦးရေနှင့်ဖွံ့ဖြိုးမှုဟန်ချက်ညီအောင် ကြိုးစားစို့**" ဖြစ်ကြောင်း။

အဆိုပါဆောင်ပုဒ်မှ ပေးလိုသည့် အဓိကအချက်မှာ လူဦးရေနည်းခြင်း၊ များခြင်းတစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာ၍မရဘဲ အဆိုပါနိုင်ငံတွင် ချမှတ်ထားသည့် ကောင်းမွန်မှန်ကန်သောမူဝါဒများအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် နိုင်ငံ၏အခြေအနေပေါ်မူတည်၍ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်မှုတို့သည် ပို၍အရေးကြီးသည်ကို အသိပေးလိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင်အသုံးချနိုင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကျားမ တန်းတူညီမျှရေး၊ မိသားစုစီမံကိန်း၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သည့် လူမှုဘဝများရရှိလာစေရန် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ရှိလာခြင်းနှင့်အတူ လူဦးရေဆိုင်ရာပြောင်းလဲလာမှုကိုလေ့လာလျှင် ကမ္ဘာ့လူဦးရေသည် ဆက်လက် တိုးတက်နေဦးမည်ဖြစ်သော်လည်း လွန်ခဲ့သည့် ရာစုဝက်ခန့်ကစတင်၍ ကလေးမွေးဖွားမှုဆက်တိုက်ကျဆင်းလာခြင်းကြောင့် အနာဂတ်တွင် လူဦးရေတိုးနှုန်းသည် တဖြည်းဖြည်းနှေးကွေးလာနိုင်ကြောင်းလည်း ခန့်မှန်းရကြောင်း၊ မွေးဖွားမှုနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ လူတို့၏ မျှော်မှန်းသက်တမ်းမြင့်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုအချိုးအစားပါဝင်မှုသည် တစ်နေ့တခြားများပြားလာနိုင်ကြောင်း။

သို့သော်လည်း မွေးဖွားနှုန်းကျဆင်းလာသည့်နိုင်ငံများသို့ မွေးဖွားနှုန်းများပြီးဆင်းရဲသည့်နိုင်ငံများက ရွှေ့ပြောင်းလူဦးရေများ ဝင်ရောက်ခြင်းများရှိနေသဖြင့် လူဦးရေတိုးပွားမှု ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး မူလရွှေ့ပြောင်းခဲ့သည့်နိုင်ငံများတွင် လူဦးရေလျော့ကျမှုနှင့်တွေ့ကြုံနေရမည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်း၌ မွေးဖွားစဉ်ယောကျ်ားလေး အရေအတွက်သည် မိန်းကလေးအရေအတွက်ထက် ပိုမိုများပြားသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအသက်ရှည်စွာနေထိုင်နိုင်ကြသည်ကို လေ့လာသိရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကို လွတ်မြောက်အောင်နည်းလမ်းရှာဖွေရင်း အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းစိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း လူဦးရေဆိုင်ရာပြောင်းလဲလာမှုများမှ အခွင့်အလမ်းများအဖြစ် ပြောင်းလဲရယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လူဦးရေဆိုင်ရာပြောင်းလဲမှုမှအခွင့်အလမ်းများရယူနိုင်ရန် ၁၀ နှစ် တစ်ကြိမ် မဖြစ်မနေဆောင်ရွက်ကြရသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအကြိုစမ်းသပ် ဆောင်ရွက်ချက်အဖြစ် ၂၀၂၃ ခုနှစ်အောက်တိုဘာလတွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည့် လူဦးရေ အချက်အလက်များနှင့် မှန်ကန်သည့် ကိန်းဂဏန်းများရရှိမှသာ နိုင်ငံ၏ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပေါ်ထွက်ရရှိလာမည်ဖြစ်သကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် ကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရေး ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာ့အဆင့်မီစွာ မြန်မာနိုင်ငံ၏လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ရရှိအောင် လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှုအဆင့်ဆင့်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဌာန၊ အဖွဲ့အစည်းများကိုကျေးဇူးတင်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၌ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့်မူဝါဒဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်တို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး





**စစ်တွေ ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင်လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့သွားရောက်ပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်နေမှု၊ ယာယီဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ခွဲမှူးရုံး၌ မိုခါမုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံများနှင့် နေအိမ်တန်းလျားများ ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမော်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် လေဆိပ်အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများပျက်စီးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လေယာဉ်ကွင်း တိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကြီးမြထွန်းဦးက လေယာဉ်ကွင်းနှင့် လေဆိပ်အဆောက်အအုံများ သန့်ရှင်းသာယာရေး၊ လေယာဉ်ပြေးလမ်းတစ်ဖက်တစ်ချက်နှင့် လေယာဉ်ရပ်နားရန်နေရာအနီးရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာတို့က မုန်တိုင်းဒဏ်ကြောင့်ပြတ်တောက်ခဲ့သည့် ဆက်သွယ်ရေးလိုင်းများ၊ အဝေးဆက်သွယ်ရေးလမ်းကြောင်းများ၊ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် ဆက်သွယ်ရေးရုံးဝင်းအတွင်း ယာယီတာဝါတိုင်တည်ဆောက်ထားရှိမှုနှင့် တာဝါတိုင်အသစ်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်သို့သွားရောက်ကာ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ်ငွေတိုက်နှင့် ဘဏ်လုံခြုံရေးရဲကင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် အမှတ်(၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် မြေပုံမြို့သို့သွားရောက်ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် မြေပုံမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန်ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ကျော်ကျော်စိုးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီးမြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မြို့မရဲစခန်းနှင့် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ဝန်ထမ်းများကိုတွေ့ဆုံအားပေးစကားပြောကြားကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ပေါက်တောမြို့သို့သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန်ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ဆန်းနီအုန်းက ကယ်ဆယ်နှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိနေမှု၊ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီးမြထွန်းဦးက မုန်တိုင်းတိုက်ခတ်ပြီးနောက် ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံများကို ဦးစားပေးဆောင်ရွက်ခဲ့မှု၊ မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်နှင့်လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားမှု၊ အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေပေးနေမှု၊ ဆက်သွယ်ရေးလိုင်းများကောင်းမွန်အောင်ဆောင်ရွက်ခဲ့မှုနှင့် လျှပ်စစ်မီးများရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာများထိ လျှပ်စစ်မီးများရရှိနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပံ့ပိုးရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှုအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိန္ဒမအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။ ၎င်းနောက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများက ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အမှိုက်ပုံအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှုအေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။**

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



**ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူးက ဒိုင်းဆုရရှိသည့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၃ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် ဘောလုံးအားကစားကွင်း၌ပြုလုပ်ရာ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် မကွေးလေတပ်စခန်းဌာနချုပ် ဘောလုံးအသင်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် ဘောလုံးအသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇွန် ၁၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၁**


ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**





# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲများပြုလုပ်



**နေပြည်တော် ဇူလိုင် ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြင်ဦးလွင်တပ်နယ်အသင်းနှင့် ကျောက်ဆည်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဟိုပုံးတပ်နယ် အမျိုးသားအသင်းနှင့် ဗထူးတပ်နယ် အမျိုးသားအသင်း ကလောတပ်နယ် အမျိုးသမီးအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၁) အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်းများနှင့် အမျိုးသမီးအသင်းများက အုပ်စု လေးစုခွဲကာ ဇူလိုင် ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

စနစ်ဟောင်း နဝမတန်း/ Grade 10 အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်း တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စနစ်ဟောင်း ဒသမတန်း/ Grade 11 တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများအားလုံးသည် ၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် စနစ်သစ် ဒွါဒသမတန်း/ Grade 12 တက္ကသိုလ်ဝင်စာမေးပွဲကို ပြင်ပဖြေအနေဖြင့် ဖြေဆိုခွင့်ရှိကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံးအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး”** ခေါင်းစဉ်ဖြင့် ၁၂-၇-၂၀၂၂ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည်ဖြစ်စဉ်”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဇူလိုင် ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

ဇူလိုင် ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၃၂၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၈၂၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၆၀၇ ဦး |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အောင်မြတ်သာနှင့် ကတ္တီပါစံအိမ် ရုပ်သံဇာတ်လမ်းကို Channel K နှင့် Shwe Stream မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၁၁**

အောင်မြတ်သာနှင့် ကတ္တီပါစံအိမ် ရုပ်သံဇာတ်လမ်းကို ဇူလိုင် ၁၄ ရက်တွင်Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်း၏ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ကတ္တီပါစံအိမ် ရုပ်သံဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမည)၏ဝတ္ထုကို ဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာစီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Shwe Stream You Tube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်းထုတ်လွှင့်နေပါတယ်။ ပရိသတ်အားပေးကြတဲ့အတွက် ဇာတ်လမ်းတွဲလိုကြည့်နိုင်အောင် ဆက်တိုက်ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဇူလိုင် ၁၄ ရက်မှာ Shwe Stream You Tube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ ပြသပေးမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် ကတ္တီပါစံအိမ် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကိုရွှေပိုးအိမ်၊ မြမျက်ခြယ်၊ ဦးဝင်းမြိုင်၊ ချစ်စုစုဟန် စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မာဗယ်၏ စူပါဟီးရိုးဇာတ်ကားများတွင် မင်းသမီး ပွန်ကလီမင်းတစ် ပါဝင်လာနိုင်

**နယူးယောက် ဇူလိုင် ၁၁**

ဒါရိုက်တာ ဂျိမ်းဂန်းရိုက်ကူးမည့် မာဗယ်၏စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားများတွင် Guardians of the Galaxy မင်းသမီး ပွန်ကလီမင်းတစ် ပါဝင်လာနိုင်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် မင်းသမီး ပွန်ကလီမင်းတစ်သည် မာဗယ်၏စူပါဟီးရိုးဇာတ်ကားများ၌ ပါဝင်ရေးအတွက် ဒါရိုက်တာ ဂျိမ်းဂန်းနှင့် ဆွေးနွေးနေကြောင်း သိရသည်။

မင်းသမီး ပွန်ကလီမင်းတစ်သည် ဒါရိုက်တာ ဂျိမ်းဂန်း၏ Guardians of the Galaxy ဇာတ်ကား၌ အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဒါရိုက်တာ ဂျိမ်းဂန်းအနေဖြင့် မိမိအတွက် စူပါဟီးရိုးဇာတ်ကောင်နေရာတစ်နေရာကို စဉ်းစားထားပြီးဖြစ်ကြောင်း ကလီမင်းတစ်က ပြောကြားထားသည်။

သို့ရာတွင် ၎င်းအတွက် ဒါရိုက်တာ ဂျိမ်းဂန်းစဉ်းစားထားသည့် ဇာတ်ကောင်နေရာကို ကလီမင်းတစ်က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိတွင် မင်းသမီး ပွန်ကလီမင်းတစ် ပါဝင်သရုပ်ဆောင်ထားသော Guardians of the Galaxy-3 ဇာတ်ကားမှာ ရုံတင်ပြသနေဆဲဖြစ်ကြောင်း သိရသည်။ KKO



# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ဝါဆိုပန်းချီပြပွဲပြသမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ဝါဆိုပန်းချီပြပွဲကို ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

ဝါဆိုပန်းချီပြပွဲတွင် ပန်းချီစောလှိုင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ လှတင်ထွန်း၊ ပန်းချီ ငွေအောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၃၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်နဲ့ ကျွန်တော့်ပန်းချီပြခန်းက မန်ဘာတွေ ဝယ်ယူစုဆောင်းထားတဲ့ ပန်းချီကားဟောင်းလေးတွေကို ပြသမှာဖြစ်ပါတယ်။ နှစ် ၂၀ လောက် စုဆောင်းထားတဲ့ လက်ရာစုံပန်းချီကား ၃၀ ကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီဆရာ တင်လှဝင်းထင်၊ ပန်းချီဆရာ စောလှိုင်တို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲ ပါပါမယ်"ဟု ရွှေမြန်မာပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့်အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၄၀ ထိရှိကြောင်း သိရသည်။ ASH

# Insidious The Red Door ဇာတ်ကား သီတင်းပတ်ကုန်ဝင်ငွေ ကန်ဒေါ်လာ ၃၂ သန်းရရှိ

**နယူးယောက် ဇူလိုင် ၁၁**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Insidious The Red Door ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေသည် ခန့်မှန်းထားသည်ထက် ပိုမိုများပြားခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၂ သန်းထိ ရရှိခဲ့ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။


ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Insidious The Red Door ဇာတ်ကားကို ဇူလိုင် ၇ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၃၀၀၀ ကျော်တို့၌ စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Insidious ထိတ်လန့်သည်းဖိုဇာတ်ကားများအနက် ပဉ္စမမြောက်ဇာတ်ကားဖြစ်သည့် The Red Door ဇာတ်ကား၏ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၆ သန်းရှိသည်။

Insidious The Red Door ဇာတ်ကားသည် နိုင်ငံတကာဈေးကွက်တွင်လည်း ဝင်ငွေကောင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁ သန်းထိ ရရှိထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဝီဆင်က ရိုက်ကူးပေးထားပြီး မင်းသား တိုင်ဆင်ကင်း၊ ပက်ထရစ်ဝီဆင်နှင့် မင်းသမီး ရို့ဘန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# စာရွက်တံခါး ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၁ ရက်တွင် ရုံတင်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၁၁**

YM ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စာရွက်တံခါး (Don't Open This Book) ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၂၁ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ထွန်းတင့်ထွန်းက ပြောပြ၍ သိရသည်။

စာရွက်တံခါး (Don't Open This Book) ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ထွန်းတင့်ထွန်းက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်ကားကတော့ Horror Suspense Thriller ဆန်ဆန်ဇာတ်ကားပါ။ ဝိညာဉ်လွှမ်းမိုးခံရတဲ့ ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်နဲ့ စတင်ခဲ့တဲ့ဇာတ်လမ်းပါ။ ဇာတ်လမ်းဇာတ်အိမ်ကောင်းမို့လို့လဲ အချိန်ပေးပြီးသေချာလုပ်ထားတဲ့ ဇာတ်ကားတစ်ကားပါ"ဟု ဒါရိုက်တာ ထွန်းတင့်ထွန်းက ပြောပြသည်။

စာရွက်တံခါး (Don't Open This Book) ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အာဒံဦး၊ မင်းသူ၊ ဇင်မျိုး၊ ကျော်ထက်၊ သိန်းလင်းစိုး၊ ခင်ဇာခြည်ကျော်၊ ဖုန်းသီရိကျော်၊ ဆုထက်ကုဋေ စသည့် အနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၆ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ခဲ့



**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှဇွန်လထိ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၆ ဒသမ ၈ သန်းကျော် လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၆ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ရာတွင် ပြည်ပမှ ဘုရားဖူးဦးရေ ၃၈၀၀၀ ရှိကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော်ကို ဒီနှစ် ဇန်နဝါရီလကနေ ဇွန်လထိကာလအတွင်းမှာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၆ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ ဘုရားဖူးသူ တစ်သန်းကျော် အများဆုံးဝင်ရောက်မှုရှိခဲ့တဲ့ ကာလတွေကတော့ ဒီနှစ် မတ်လနဲ့ဧပြီလတွေ ဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ကို တနင်္လာနေ့ကနေ သောကြာနေ့ထိ ဘုရားဖူးဝင်ရောက်မှုက အယောက် ၂၀၀၀၀ လောက်ရှိပြီး အများပြည်သူရုံးပိတ်ရက် စနေနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ လာရောက်ဖူးမြော်ကြည်ညိုသူက ပိုများပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ရွှေတိဂုံစေတီတော်၌ လာမည့် ဩဂုတ် ၁ ရက်တွင် ကျရောက်မည့် ဒုတိယဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ဓမ္မစကြာနေ့အခမ်းအနားများကိုလည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိတွင် ဘုရားဖူးဦးရေ များပြားလာခြင်းကြောင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်ကို နံနက် ၅ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ASH

# နတ်တလင်းမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ဂုံညင်းတန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက စီမံကိန်းလုပ်ငန်းကော်မတီများ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

နတ်တလင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို သိမ်ကုန်း၊ ဖလံပင်ရွာသစ်၊ သရက်ပင်ကန်ရိုး၊ ကျောက်စွယ်၊ ညောင်ပိုင်း၊ ဖန်ခါးပင်၊ ကြက်နွယ်တော၊ လဲတော၊ ရွှေကြာပင်နှင့် ဂုံညင်းတန်းကျေးရွာတို့၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းထံမှ သိရသည်။

**အေးမြတ်**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၅၄၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၇၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်လဲ စိုက်ပျိုးနေကြပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေ တွက်ခြေကိုက်သီးနှံဖြစ်တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပြောင်းသီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၁၄၉၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

(၂၀၆)



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

# ဘိုကလေးမြို့နယ် ဓမ္မရက္ခိတကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘိုကလေး ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓမ္မရက္ခိတကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဓမ္မရက္ခိတကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ငဖဲမြို့နယ် ရွာကဝကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းနေမှု စစ်ဆေး

**ငဖဲ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာကဝကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် တာဝန်ရှိသူများသည် ရွာကဝကျေးရွာ၌ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းနှင့် အလျား ၁၈ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ထားသော စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်းဖြင့် ရွာကဝကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် တံတားလုပ်ငန်းများကို Shwe Group ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၆ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဒီမိုကရေစီစနစ်ကို အေးချမ်းစွာကူးပြောင်းနေသော ကမ္ဘောဒီးယားနိုင်ငံ



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် သမိုင်းဝင်အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲပြုလုပ်လျက်ရှိရာ ယခုအကြိမ်သည် (၇)ကြိမ်မြောက် ဆက်တိုက်ပြုလုပ်နိုင်ခြင်းဖြစ်သည်။ ယခုရွေးကောက်ပွဲသည် ကမ္ဘောဒီးယားနိုင်ငံတွင် တရားဥပဒေကိုအခြေခံလျက် အေးချမ်းသောနည်းလမ်းဖြင့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းလျက်ရှိကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပဋိပက္ခအလွန်ကာလတွင် ပြည်တွင်းစစ် ထပ်မံမဖြစ်ပွားတော့သည့်နိုင်ငံတချို့အနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ သမိုင်းကြောင်းအရ ကမ္ဘောဒီးယားနိုင်ငံသည် ပဋိပက္ခအလွန်နိုင်ငံများအနက်မှ အောင်မြင်မှုရရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ငြိမ်းချမ်းရေးသည် ကမ္ဘောဒီးယားနိုင်ငံတွင် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။

အာဖဂန်နစ္စတန်၊ ကွန်ဂို၊ ဟေတီ၊ လက်ဘနွန်၊ ဆိုမာလီယာ၊ ဆီယာလီယွန်နှင့် ဆူဒန်တို့သည် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ လက်ခံထားရသော်လည်း လက်ရှိအချိန်ထိ ပဋိပက္ခဖြစ်ပွားနေဆဲပင်ဖြစ်သည်။ သို့သော် ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂကြားဝင်စေ့စပ်သည့် ရွေးကောက်ပွဲပြုလုပ်ပြီးကတည်းက ပြဿနာကြီးကြီးမားမား မရှိတော့ဘဲ တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာလျက်ရှိသည်။

ဝန်ကြီးချုပ်ဟွန်ဆန်၏ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသောမူဝါဒဖြင့် ၁၉၉၈ ခုနှစ် နှောင်းပိုင်းတွင် လက်ကျန် Khmer Rouge တပ်ဖွဲ့များနှင့် ပေါင်းစည်းခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံသည် အမျိုးသားတပ်မတော်ကိုဖွဲ့စည်းနိုင်ခဲ့သည်။ ထိုသို့ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံရေးလောကတွင် ကာလရှည်ကြာတည်ရှိနေသော အကြမ်းဖက်မှုပုံစံကို အမြစ်ပြတ်ချေမှုန်းရာ၌ အခရာကျလျက်ရှိသည်။

သာဓကအနေဖြင့် ၁၉၉၈ ခုနှစ်နှောင်းပိုင်းကာလထိ ကမ္ဘောဒီးယားပါတီများအပေါ် ကြည်းတပ်မှ မတူကွဲပြားလျက်ရှိသော ဂိုဏ်းဂဏအုပ်စုများကိုထိန်းချုပ်ထားခဲ့ပြီး ပါတီများအနေဖြင့် ၎င်းတို့၏မတူကွဲပြားမှုများကို ပေါင်းစည်းနိုင်ခြင်းမရှိသည့်အချိန်တွင် အကြမ်းဖက်မှုများဖြစ်ပေါ်လာလေ့ရှိသည်ကို တွေ့ရသည်။ ၁၉၉၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP)နှင့် FUNCINPEC ပါတီတို့အပေါ် သစ္စာခံသည့် တပ်ဖွဲ့များအကြား လက်နက်ကိုင် တိုက်ခိုက်ခဲ့သည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘောဒီးယားကဲ့သို့ နိုင်ငံမျိုးအနေဖြင့် အမျိုးသားတပ်မတော်ဖွဲ့စည်းနိုင်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် များစွာအထောက်အကူဖြစ်စေသည်။ ယခင်အစဉ်အဆက်သော ကမ္ဘောဒီးယားအစိုးရများသည် အမျိုးသားတပ်မတော်ကို အပြည့်အဝထိန်းချုပ်နိုင်စွမ်းမရှိသည့်အပြင် ပြောက်ကျားတပ်ဖွဲ့များ သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမပါဘဲ အချုပ်အခြာအာဏာကို ထိန်းချုပ်နိုင်စွမ်းမရှိခဲ့ပေ။

**ဒီမိုကရေစီကိုအထောက်အကူပြုသော ဖွဲ့စည်းပုံအခြေခံဥပဒေ**

ကမ္ဘောဒီးယားနိုင်ငံ၏ ဒီမိုကရေစီစနစ်ကျင့်သုံးမှုသည် အေးချမ်းတည်ငြိမ်ပြီး နောက်ကြောင်းပြန်လှည့်မည်မဟုတ်တော့ပေ။ လွတ်လပ်မှု၊ ဒီမိုကရေစီထွန်းကားမှုနှင့် စည်းမျဉ်းခံဘုရင်စနစ်တို့အပေါ် သက်ရောက်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုနှင့် ဖြည့်စွက်မှုတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၃ အရ တားမြစ်ထားရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဝေဖန်မှုများရှိနေသော်လည်း ရွေးကောက်ပွဲကို မပျက်မကွက် ပုံမှန်ကျင်းပပြုလုပ်လျက်ရှိပြီး ရွေးကောက်ပွဲကျင်းပမှုများ ရပ်ဆိုင်းသွားရန်နှင့် အခြားသောမတူညီသည့် အစိုးရဖွဲ့စည်းမှုပုံစံကိုလည်း လုပ်ဆောင်သွားဖွယ်ရာမရှိပေ။

ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ စစ်ပွဲအလွန်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆယ်စုနှစ်အနည်းငယ်အတွင်း ပြီးပြည့်စုံသော ဒီမိုကရေစီကူးပြောင်းမှုကို အလျင်စလိုလုပ်ဆောင်မသွားသင့်ပေ။ လူမှုအဖွဲ့အစည်းတစ်ခုလုံး လိုက်လျောညီထွေ လိုက်ပါနေထိုင်နိုင်ရေးအတွက် အတိုင်းအတာတစ်ခုထိ အချိန်ယူသွားရန် လိုအပ်ပေသည်။ ပြည်သူများအနေဖြင့် ရပိုင်ခွင့်များနှင့် နိုင်ငံသားများ၏တာဝန်ကို ခွဲခြားသိရှိနိုင်ရန် အချိန်လိုအပ်ပေသည်။

အချို့သောပြည်သူများသည် ၎င်းတို့၏ရပိုင်ခွင့်များကိုသာ တောင်းဆိုလျက်ရှိသော်လည်း ဥပဒေကို လေးစားလိုက်နာသွားရန် လိုအပ်သည်ဆိုသော နိုင်ငံသားများ၏တာဝန်ကို အမှန်တကယ်နားလည်သဘောပေါက်မှုမရှိကြပေ။ လက်နက်ကိုင်တိုက်ပွဲများနှင့် အပြန်အလှန် အမြစ်ပြတ်ချေမှုန်းမှုများကိုကြုံတွေ့ခဲ့ရသော နိုင်ငံရေးပါတီများအတွက်မူ ဆွေးနွေးညှိနှိုင်းမှုအလေ့အထ အမြစ်တွယ်နေစေရန် အချိန်ယူသွားရန်လိုအပ်ပေသည်။ အစွန်းရောက်ဝါဒနှင့် လူထုကိုကိုယ်စားပြုမည်ဆိုသော ကြွေးကြော်မှုများ ဖြစ်ပေါ်လာစေရန် ဒီမိုကရေစီကို အသုံးချခံအဖြစ် အမြတ်ထုတ်အသုံးချမှုများ မဖြစ်ပေါ်လာစေရန်အတွက် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာလွတ်လပ်စွာ လှုပ်ရှားခွင့်တို့ကို ဆောင်ရွက်ခွင့်ပြုမသွားသင့်ပေ။

ကမ္ဘောဒီးယားနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်မှုနှင့် သည်းခံမှုတို့ ခိုင်မာအားကောင်းစေသည့် ၎င်း၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာတို့နှင့် လိုက်လျောညီထွေရှိသော ဒီမိုကရေစီကို ဆက်လက်ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်သော်လည်း ကမ္ဘောဒီးယား၏ ဘာသာအယူဝါဒသည် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း၌ ဟန်ချက်ညီစွာရပ်တည်လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ခရစ်ယာန်နှင့်အစ္စလာမ်ဘာသာကို အဆင့်အတန်းမခွဲခြားဘဲ လွတ်လပ်စွာကျင့်သုံးခွင့်ရှိပြီး ဘာသာရေးဆိုင်ရာ ဆန္ဒထုတ်ဖော်မှုများလည်း ဖြစ်ပေါ်ခြင်းမရှိပေ။

ပြည်တွင်းနိုင်ငံရေးတွင် နိုင်ငံခြားစွက်ဖက်မှုကို အမြစ်ပြတ်တွန်းလှန်ခြင်းနှင့် ဒီမိုကရေစီကူးပြောင်းမှုလုပ်ငန်းစဉ်သည်လည်း ကမ္ဘောဒီးယားနိုင်ငံ၏အဓိကကျသော သရုပ်သကန်ပင်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းရေးရာများတွင် ပြည်ပစွက်ဖက်မှုများကို အပြင်းအထန်ဆန့်ကျင်ကန့်ကွက်ရင်း ၎င်း၏အချုပ်အခြာအာဏာကိုအခြေခံသည့် တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံက ၎င်း၏ဒီမိုကရေစီနည်းလမ်းများအတွက် ကာကွယ်ပြောဆိုမှုလုပ်ဆောင်သွားမည်မဟုတ်ဟုဆိုသည်။ မည်သို့ပင်ဆိုစေ အမေရိကန်သည် ဒီမိုကရေစီကျင့်သုံးမှု သမိုင်းကြောင်းနှစ် ၂၀၀ ကျော်ရှိလာပြီဖြစ်သော်လည်း မကြာသေးခင်က ဖြစ်ပွားခဲ့သော Capitol Hill အကြမ်းဖက်မှုဖြစ်စဉ်သည် ဒီမိုကရေစီနိုင်ငံများအတွက် အတုယူစရာဖြစ်စဉ်ဖြစ်ရပ်မဟုတ်ပေ။ အမေရိကန်သည် ၎င်း၏ရွေးကောက်ပွဲများတွင် ပြည်ပလွှမ်းမိုးမှုငြင်းဆန်ခြင်းသည်လည်း ကမ္ဘောဒီးယားနိုင်ငံနှင့် အလားသဏ္ဍာန်တူညီလျက်ရှိသည်။

> ❖ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ လွှမ်းမောဖွယ်အတိတ်နှင့် ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မတူကွဲပြားမှုများကို ကျည်ဆန်နှင့်ဖြေရှင်းခြင်းမပြုဘဲ ဆန္ဒမဲများဖြင့် နိုင်ငံရေးဆိုင်ရာမတူကွဲပြားမှုများကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုရှိသည့် လူ့အဖွဲ့အစည်းကို တဖြည်းဖြည်းချင်း တည်ဆောက်လျက်ရှိသည်။ ထိုသို့ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ခြင်းသည် သွေးထွက်သံယိုမှုများနှင့် ပြည်သူများ အတိဒုက္ခရောက်ခဲ့သော ကမ္ဘောဒီးယားနိုင်ငံအတွက်မူ ကြီးမားသောအောင်မြင်မှုကြီးပင်ဖြစ်သည်။ ❖

**စီးပွားရေးဆိုင်ရာတိုးတက်မှု**

ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားလျက်ရှိပြီး အခြေခံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းအပါအဝင် ဆင်းရဲမှုလျှော့ချခြင်းနှင့် ပြည်သူများ၏ သက်သာချောင်ချိရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အေးချမ်းတည်ငြိမ်မှုနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် စီးပွားရေးအလျင်အမြန်တိုးတက်လျက်ရှိသော နိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံသည် ဆင်းရဲမှုကို သိသိသာသာလျှော့ချနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးငယ်များဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသများတွင် အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးတို့ကို သိသိသာသာဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း မျှော်မှန်းသက်တမ်းပိုမိုရှည်လာပြီး အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှုန်းလည်း သိသိသာကျဆင်းလာခဲ့သည်။ ထိုအကျိုးရလဒ်များသည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ ဦးစားပေးဆောင်ရွက်လိုသော လုပ်ငန်းစဉ်များပင်ဖြစ်သည်။

အထူးသဖြင့် ပဋိပက္ခအလွန်နိုင်ငံများသည် ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးနယ်ပယ်တို့တွင် ဖွံ့ဖြိုးတိုးတက်မှုဆောင်ကြဉ်းနိုင်စွမ်းမရှိကြပေ။ အချို့သောနိုင်ငံများတွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသော်လည်း အစိုးရများသည် ဒီမိုကရေစီစနစ် ကျင့်သုံးသွားလိုသော ဆန္ဒမရှိကြပေ။ အချို့သောနိုင်ငံများတွင် ဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိသော်လည်း ၎င်းတို့၏ပြည်တွင်းနိုင်ငံရေးမှာ ရှုပ်ထွေးလျက်ရှိပြီး လူမှုအဖွဲ့အစည်းသည် အေးချမ်းတည်ငြိမ်မှုမရှိသကဲ့သို့ စီးပွားရေးမှာလည်း တိုးတက်မှုတုံ့ဆိုင်းနှေးကွေးလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဒီမိုကရေစီကို လေ့လာကြည့်ရာတွင် နိုင်ငံတစ်နိုင်ငံ၏အမြင်ဖြင့် ပုံသေတွက်ချက်ခန့်မှန်းပြောဆိုသည်ထက် နိုင်ငံတကာနှင့်နှိုင်းယှဉ်ကာ သုံးသပ်ဆောင်ရွက်သွားသင့်ပေသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ လွှမ်းမောဖွယ် အတိတ်နှင့်ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မတူကွဲပြားမှုများကို ကျည်ဆန်နှင့်ဖြေရှင်းခြင်းမပြုဘဲ ဆန္ဒမဲများဖြင့် နိုင်ငံရေးဆိုင်ရာမတူကွဲပြားမှုများကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုရှိသည့် လူ့အဖွဲ့အစည်းကို တဖြည်းဖြည်းချင်း တည်ဆောက်လျက်ရှိသည်။ ထိုသို့ဒီမိုကရေစီအသွင် ကူးပြောင်းနိုင်ခြင်းသည် သွေးထွက်သံယိုမှုများနှင့် ပြည်သူများ အတိဒုက္ခရောက်ခဲ့သော ကမ္ဘောဒီးယားနိုင်ငံအတွက်မူ ကြီးမားသောအောင်မြင်မှုကြီးပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကမ္ဘောဒီးယားနိုင်ငံ၏ ဒီမိုကရေစီသည် နောက်ကြောင်းပြန်လှည့်တော့မည်မဟုတ်ဘဲ ရှေ့သို့သာ ဆက်လက်ချီတက်သွားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **Camboida's record of peaceful democratization by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# အာဇာနည်ကိုးဦး၊ လွှတ်မြောက်သူကိုးဦး၊ လုပ်ကြံသူကိုးဦး

ရွှေဘိုဘာမထိခင်အောင်

ကမ္ဘာကျော်ခဲ့သည့် နိုင်ငံတော်လုပ်ကြံမှုကြီးကို နယ်ချဲ့အရင်းရှင် အင်္ဂလိပ်အစိုးရ၏ လက်ပါးစေ ဂဠုန်ဦးစော၏ လုပ်ကြံသူအဖွဲ့က ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီကျော်တွင် လုပ်ကြံခဲ့သည်။ ထိုလုပ်ကြံမှုသည် ၂၀၁၂ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ ရောက်လာလျှင် နှစ်ပေါင်း ၇၆ နှစ်ရှိပြီ။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ မရှုမလှကျဆုံးသွားရရှာသည်။ ထိုကမ္ဘာကျော်ခဲ့သော လုပ်ကြံမှုကြီးသည် ယနေ့ထက်တိုင်အောင် မြန်မာနိုင်ငံသားတို့၏ ရင်ထဲတွင် မေ့ပျောက်၍ မရလောက်အောင် စွဲထင်လျက်ရှိနေသည်။ နာကြည်းစရာ၊ ရင်နာစရာ၊ ကြေကွဲစရာ၊ နှမြောစရာကောင်းသည့် လုပ်ကြံမှုဖြစ်သည်။

သည်လုပ်ကြံမှုကြီးတွင် အင်္ဂလိပ်မျက်နှာဖြူလူမျိုး၏ ပယောဂပါနေ၏။ ၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းတွင် အင်္ဂလိပ်မျက်နှာဖြူ ဗြိတိသျှစစ်တပ်ပင်မ လက်နက်ခဲယမ်း၊ မီးကျောက်သိုလှောင်ရုံကြီး (ရန်ကုန်မြို့)၊ ဗိုလ်တထောင်လက်နက်တိုက်မှ လက်နက်ခဲယမ်းများနှင့် မီးကျောက်များထုတ်ယူမှုနှင့်ပတ်သက်၍ Special Branch ခေါ် ရဲတပ်ဖွဲ့ဌာနချုပ်၏ သတင်းတပ်ဖွဲ့က သတင်းရသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံသို့ သတင်းပို့အစီရင်ခံခဲ့သည်။

ထိုအချိန်က ပြည်ထဲရေးဝန်ကြီးမှာ ဦးကျော်ငြိမ်း (သခင်ကျော်ငြိမ်း)ဖြစ်၏။ ၎င်းသည် ထိုကာလက နိုင်ငံခြားသို့ တာဝန်နှင့်ရောက်နေ၏။ ခေတ္တပြည်ထဲရေးဝန်ကြီးဌာန တာဝန်ကို ဗိုလ်ချုပ်အောင်ဆန်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြအား ပေးအပ်ထားသည်။ ဝန်ကြီး ပျော်ဘွယ်ဦးမြက စိုးရိမ်ပြီး သောင်းကျန်းမှုနှိမ်နင်းရေးတပ်(နောင်တွင် ထိုတပ်သည် ပြည်ထောင်စုစစ်ရဲတပ် U.M.P ဖြစ်လာသည်)တပ်စိတ် တစ်စိတ်ကို လက်နက်ခဲယမ်းအပြည့်အစုံ၊ မောင်းပြန်သေနတ်အပါအဝင်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အတွင်းဝန်ရုံးခန်းအပြင်ဘက်၌ လုံခြုံရေးတာဝန်ချထားလိုက်သည်။ ဗိုလ်ချုပ်သဘောက သူသွားလာ လုပ်ကိုင်သည့်နေရာတွင် လုံခြုံရေးချထားမှုကို လုံးဝမလိုလားတတ်ကြောင်းကို ဝန်ကြီးပျော်ဘွယ်ဦးမြက သိထားသဖြင့် လုံခြုံရေးချထားသည်ကို ဗိုလ်ချုပ်အား အသိမပေးခဲ့ပါ။ ဗိုလ်ချုပ်၏အပါးတော်မြဲ ဗိုလ်ထွန်းလှကိုသာ အသိပေးခဲ့၏။

တစ်နေ့ဗိုလ်ချုပ်နှင့် ဗိုလ်ထွန်းလှတို့ ရုံးခန်းအပြင်ဘက်သို့ထွက်အလာ မောင်းပြန်သေနတ်ကိုယ်စီနှင့် ယူနီဖောင်းအပြည့်အစုံဝတ်ထားသည့် ရဲဘော်လေးသုံးဦးကို ဗိုလ်ချုပ်က တွေ့မြင်သွား၏။ ချက်ချင်းဘာမျှမပြောသေးဘဲ ရုံးအတွင်းရောက်မှသာ အပါးတော်မြဲ ဗိုလ်ထွန်းလှအား "ဟေ့ကောင် ငါ့ရုံးခန်းရှေ့က လက်နက်ကိုင်ရဲဘော်တွေက ဘာလုပ်တာလဲ။ မလိုပါဘူးကွာ၊ ငါ့ကို ဘယ်သူမှလဲ လုပ်ကြံမှာမဟုတ်ပါဘူး။ ငါကလဲ မစိုးရိမ်ဘူး။ ငါ့ရုံးခန်းရှေ့မှာ လက်နက်ကိုင်ရဲဘော်တွေ ချထားတာကို ငါမမြင်ချင်ဘူး။ ဒီတော့ မင်းကိုယ်တိုင် အခုချက်ချင်း ပြည်ထဲရေးဝန်ကြီးဆီသွားပြီး ငါက ညွှန်ကြားတယ်လို့ပြော။ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင်ရဲဘော်တွေကိုလဲ မင်းအခုပဲသွားပြောပေတော့"ဟုဆိုသည်။ ဗိုလ်ထွန်းလှသည် ဝန်ကြီးထံဗိုလ်ချုပ်မှာလိုက်သည့်အတိုင်းပြောပြ၏။

"ခက်တော့တာပဲကွာ ငါတို့ လုံခြုံရေးအတွက် လိုအပ်လို့ လက်နက်ကိုင်တပ်စိတ်ချထားတာကို ဗိုလ်ချုပ်မြင်သွားတာ ကဲ ဘာတတ်နိုင်ပါ့မလဲ။ သူ့အမိန့်ကိုလဲ တို့က မနာခံလို့မဖြစ်ဘူး။ ငါတော့ စိတ်မကောင်းဘူးကွာ"ဟု ညည်းရင်း ဝန်ကြီး ပျော်ဘွယ်ဦးမြသည် သက်ဆိုင်ရာကို တယ်လီဖုန်းဆက်၍ ဗိုလ်ချုပ်၏ရုံးခန်းရှေ့မှ လက်နက်ကိုင်လုံခြုံရေးတပ်စိတ်တစ်စိတ်ကို ချက်ချင်းရုပ်သိမ်းရန် အမိန့်ပေးလိုက်ရပါတော့သည်။

ထိုနေ့ညနေတွင် ဗိုလ်ချုပ်သည် ရုံးမှအိမ်သို့အပြန် စကားမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေ၏။ လေးလေးနက်နက်တွေးအပြီး ရုတ်တရက် ကောက်ခါငင်ခါ "ဟေ့ တို့အိမ်မှာနေတဲ့ ရဲဘော်တွေမှာ လက်နက်ရှိရဲ့လား" ဗိုလ်ထွန်းလှအား မေးခွန်းထုတ်လိုက်၏။ "မရှိပါဘူး ဗိုလ်ချုပ် သူတို့က ပြည်သူ့ရဲဘော်တွေဆိုတော့ တရားဝင်လက်နက်ကိုင်တပ်ဖွဲ့ဝင်မဟုတ်တဲ့အတွက် လက်နက်မရှိကြပါဘူး" ဗိုလ်ချုပ်သည် သူ့အလွန်ခင်မင်သော အပါးတော်မြဲ ဗိုလ်ထွန်းလှ ခေါ် စာရေးဆရာ တက္ကသိုလ်နေဝင်းအား သူ့စိတ်ထဲဖြစ်ပေါ်ခံစားနေမှုကို ပြောပြတော့သည်။

> ❖ အကယ်၍သာ အတွင်းဝန်ရုံးရှေ့၌ လက်နက်ကိုင်လုံခြုံရေးတပ်စိတ် တစ်စိတ်ကိုရုပ်သိမ်းမှုအမိန့်မပေးခဲ့လျှင် ဂဠုန်ဦးစော၏လုပ်ကြံသူကိုးဦးနှင့် ဂျူလိုင် ၁၉ ရက် နံနက် ၁၀ နာရီမှာ တိုက်ပွဲဖြစ်ရုံသာရှိမည်။ တိုင်းပြည်ပြု လွှတ်တော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီက ဂျူလိုင် ၁၆ ရက်တွင် အစည်းအဝေးပြုလုပ်ကျင်းပရန် ချိန်းမထားခဲ့လျှင် ဝန်ကြီးအဖွဲ့ ကက်ဘိနက်အစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးအကြောင်းမသိသူ ဂဠုန်ဦးစော သည် ဂျူလိုင် ၁၉ ရက်တွင် သူ၏လုပ်ကြံသူများကို လွှတ်လျှင် ဝန်ကြီး အစည်းအဝေးမရှိ၍ လုပ်ကြံမှုလည်း ဖြစ်ပွားမည်မဟုတ်ပေ။ ❖

"ငါကိုယ်တိုင်ကတော့ သေရမှာလဲ မကြောက်ဘူး။ ဘယ်သူကမှလဲ ငါ့ကိုလုပ်ကြံမယ်မထင်ဘူး။ ဒါပေမဲ့ အိမ်မှာရှိတဲ့ ကလေးတွေအတွက်တော့ ငါစိုးရိမ်သလိုဖြစ်မိတယ်။ ဒီတော့ လိုလိုမယ်မယ်ပေါ့ကွာ။ သက်ဆိုင်ရာကို ဒီနေ့ပဲ မင်းကိုယ်တိုင်သွားပြီး ငါကခိုင်းတယ်လို့ပြော၊ သင့်တော်မဲ့လက်နက်ထုတ်ယူပြီး အိမ်ကရဲဘော်တွေကိုပေးထားလိုက် ဒါပဲ" ဗိုလ်ချုပ်အမိန့်ပေးသည့်အတိုင်း ဗိုလ်ထွန်းလှသည် အိမ်ပြန်ရောက်သောအခါ သက်ဆိုင်ရာနှင့်ဆက်သွယ်ပြီး ကျည်ဆန်များနှင့်လက်နက်များထုတ်ကာ တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်နေအိမ်စောင့်ရဲဘော်များကိုပေးအပ်လိုက်၏။

နိုင်ငံတော်လုပ်ကြံမှုကြီးဖြစ်ခဲ့သည်မှာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့ဝန်ကြီးများ၊ ကက်ဘိနက်အစည်းအဝေးကျင်းပနေခိုက် ဂဠုန်ဦးစော၏ လုပ်ကြံသူများက ဝင်ရောက်လုပ်ကြံပစ်ခတ်ခြင်းဖြစ်သည်။ အမှန်မှာတော့ ၎င်းဝန်ကြီးများအစည်းအဝေးသည် ထိုဇူလိုင် ၁၉ ရက် စနေနေ့တွင်ကျင်းပရန် မဟုတ်ချေ။ ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့၌သာ လျှင် ကျင်းပရမည်ဖြစ်၏။ ကြားဖြတ် ဤနေရာတွင် အစိုးရဝန်ကြီးများ အစည်းအဝေးအကြောင်း အနည်းငယ်ရှင်းပြပါရစေ။

၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်က ဗိုလ်ချုပ်အောင်ဆန်းအစိုးရအဖွဲ့အာဏာကို လက်ခံယူချိန်မှစ၍ ဝန်ကြီးအဖွဲ့အစည်းအဝေးကို အပတ်စဉ် စနေနေ့ နံနက် ၁၀ နာရီ ကျင်းပနေကျဖြစ်သည်။ ထိုအချိန်က ဂဠုန်ဦးစောသည် ဘုရင်ခံဆာဟူးဘရန့်စ်က တိုက်ရိုက်ခန့်အပ်ထားသော ဝန်ကြီးတစ်ဦးဖြစ်လေရာ ဦးစောသည်လည်း အပတ်စဉ် စနေနေ့တိုင်းကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေးသို့တက်ရသည်။

သို့ရာတွင် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ၁၄ ဦးအဖွဲ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ်(၁၀)၌ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရာတွင် ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့သဘောမတူ လက်မှတ်မထိုးဘဲ ကန့်ကွက်ခဲ့ကြသည်။ ထိုအဖွဲ့ မြန်မာနိုင်ငံသို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်ရောက်လာသောအခါ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ နုတ်ထွက်လိုက်ကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်နေသော အစိုးရအဖွဲ့အစည်းအဝေးသို့ မတက်ရောက်ကြတော့ချေ။

ဗြိတိန်နိုင်ငံမှ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ကက်ဘိနက်အစည်းအဝေးကို အပတ်စဉ် စနေနေ့ နံနက် ၁၀ နာရီမှာမလုပ်တော့ဘဲ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီသို့ ဗိုလ်ချုပ်က ရက်ပြောင်းရွှေ့ထားသည်ကို ဂဠုန်ဦးစော မသိချေ။ ဝန်ကြီးအဖွဲ့အစည်းအဝေးသည် စနေနေ့ နံနက် ၁၀ နာရီတွင် ကျင်းပမြဲကျင်းပနေသည်ဟု ထင်မှတ်နေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ၏ တတိယမြောက် အစည်းအဝေးကို ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် စီစဉ်ထားပြီးဖြစ်ရုံမက အစည်းအဝေးဖိတ်စာများကိုပင် ဝန်ကြီးအသီးသီးသို့ ဖြန့်ဝေပြီးဖြစ်သည်။ သို့သော် ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့တွင် တိုင်းပြည်ပြုလွှတ်တော် ဆပ်ကော်မတီအစည်းအဝေးတစ်ခုဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးကျင်းပရန် ကြိုတင်သတ်မှတ်ထားပြီး အစည်းအဝေးနှစ်ခု ဗုဒ္ဓဟူးနေ့တွင် တိုက်ဆိုင်နေသည်ကို ဗိုလ်ချုပ်ထံသို့ အပါးတော်မြဲ ဗိုလ်ထွန်းလှက တင်ပြလိုက်၏။ ဤသည်တွင် ဗိုလ်ချုပ်က "လွှတ်တော်ကော်မတီအစည်းအဝေးက အရေးကြီးတယ်။ လူကြီးတွေလဲပါနေတယ်။ ဒါကြောင့် အဲဒီအစည်းအဝေးကို ဒီအတိုင်းပဲထား။ ကက်ဘိနက်အစည်းအဝေးကိုတော့ စနေနေ့ပြောင်းလိုက် ဝန်ကြီးတွေဆီလဲ ဖိတ်စာအသစ် ရိုက်ပြီးပေးလိုက်"ဟု အမိန့်ပေးလိုက်ရာ "မမေ့နိုင်သော ဇူလိုင် ၁၉ ရက်နေ့"အဖြစ် ဝမ်းနည်းစွာဖြစ်ပေါ်လာရသည်။

အကယ်၍သာ အတွင်းဝန်ရုံးရှေ့၌ လက်နက်ကိုင်လုံခြုံရေးတပ်စိတ်တစ်စိတ်ကို ရုပ်သိမ်းမှုအမိန့်မပေးခဲ့လျှင် ဂဠုန်ဦးစော၏ လုပ်ကြံသူ ကိုးဦးနှင့် ဂျူလိုင် ၁၉ ရက် နံနက် ၁၀ နာရီမှာ တိုက်ပွဲဖြစ်ရုံသာ ရှိမည်။ တိုင်းပြည်ပြုလွှတ်တော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီက ဇူလိုင် ၁၆ ရက်တွင် အစည်းအဝေးပြုလုပ်ကျင်းပရန် ချိန်းမထားခဲ့လျှင် ဝန်ကြီးအဖွဲ့ ကက်ဘိနက်အစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးအကြောင်းမသိသူ ဂဠုန်ဦးစောသည် ဇူလိုင် ၁၉ ရက်တွင် သူ၏လုပ်ကြံသူများကို လွှတ်လျှင် ဝန်ကြီးအစည်းအဝေးမရှိ၍ လုပ်ကြံမှုလည်း ဖြစ်ပွားမည်မဟုတ်ပေ။

**အာဇာနည်ခေါင်းဆောင်က ကိုးဦး**

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ သခင်မြ(ပျော်ဘွယ်ဦးမြမဟုတ်)
၃။ မန်းဘခိုင်
၄။ ဒီးဒုတ်ဦးဘချို
၅။ ဦးဘဝင်း(ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကိုကြီး)
၆။ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း
၇။ ဦးရာဇတ်
၈။ I.C.S(India Civil Service)ဦးအုန်းမောင်
၉။ သက်တော်စောင့်ကိုထွေးတို့ဖြစ်ကြ၏။

**လုပ်ကြံသူ ကိုးဦး**

၁။ သက်နှင်း(သေဒဏ်)
၂။ မှုံကြီး(သေဒဏ်)
၃။ မောင်စိုး(သေဒဏ်)
၄။ ရန်ကြီးအောင်(သေဒဏ်)
၅။ ခင်မောင်ရင်(သေဒဏ်)
၆။ မောင်နီ(တစ်သက်တစ်ကျွန်း)
၇။ သုခ(တစ်သက်တစ်ကျွန်း)
၈။ စိန်ကြီး(သေဒဏ်)
၉။ ဘညွန့်(ဖော်ကောင်အစိုးရသက်သေ) တို့ဖြစ်ကြ၏။

**အစည်းအဝေးကျင်းပချိန် စရိုးထွက်နေ၍လွတ်မြောက်သွားသည့် ဝန်ကြီးကိုးဦး**

၁။ သခင်နု
၂။ သခင်ကျော်ငြိမ်း(ပြည်ပရောက်)
၃။ ဆမားဒူးဝါးဆင်ဝါးနောင်
၄။ စောစံဖိုးသင်
၅။ ဦးဝမ်ကိုဟော
၆။ အစည်းအဝေးတက်(လွတ်)သူ ဦးအောင်ဇံဝေ
၇။ အစည်းအဝေးတက်(လွတ်)သူ ပျော်ဘွယ်ဦးမြ
၈။ အစည်းအဝေးတက်(လွတ်)သူ ဦးရွှေဘော်
၉။ အစည်းအဝေးတက်(လွတ်)သူ ဦးဘဂျမ်း တို့ဖြစ်ကြ၏။

လက်နက်မျိုးစုံကို အင်္ဂလိပ်မျက်နှာဖြူ ဗြိတိသျှစစ်တပ်ပင်မလက်နက် ခဲယမ်း၊ မီးကျောက်သိုလှောင်ရုံကြီး(ရန်ကုန်မြို့)၊ ဗိုလ်တထောင်လက်နက်တိုက်မှ တာဝန်ခံ Major Henry Young နှင့် ကပ္ပတိန် David Bi Bi Yenn တို့က ဘရင်းဂန်းအလက် ၂၀၀၊ ပြောင်းပို ၂၀၀၊ စတင်းဂန်းသုံးလက်၊ ကာဘိုင်သုံးလက်၊ တော်မီဂန်းသုံးလက်၊ ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ လက်ပစ်ဗုံးအလုံး ၂၀၀၊ ကျည်မျိုးပေါင်းစုံ အတောင့် ၁၃၀၀၀ တို့ကို ထုတ်ပေးခဲ့သည်။

နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအရာရှိများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်တိုင်းရင်းသားတို့အား လုပ်ကြံနိုင်ရန်အတွက် ဂဠုန်ဦးစောကို ကူညီပေးခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီလမ်းစဉ်ကို လျှောက်လှမ်းမည့်အစိုးရအနေဖြင့် နယ်ချဲ့အရင်းရှင်မျက်နှာဖြူများကို သတိထားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **ပြည်ထောင်စုဗီသုကာဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်နေဝင်း(ဗိုလ်ထွန်းလှ)**

# အိုက်စလန်နိုင်ငံ Reykjavik မြို့တော်အနီးတွင် ငလျင်များ ဆက်တိုက်လှုပ်ခတ်ပြီးနောက် Fagradalsfjall မီးတောင်ပေါက်ကွဲမှုဖြစ်ပွား



**ရိန်းခ်ျာဗစ်ခ် ဇူလိုင် ၁၁**

အိုက်စလန်နိုင်ငံ Reykjanes ကျွန်းဆွယ်ပေါ်ရှိ Reykjavik မြို့တော်အနီးတွင် ပြီးခဲ့သောသီတင်းပတ်မှစ၍ ပြင်းထန်သောလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီးနောက် Fagradalsfjall မီးတောင် ဇူလိုင် ၁၀ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အိုက်စလန်မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ The Hill သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

Fagradalsfjall မီးတောင်သည် လွန်ခဲ့သောသီတင်းပတ်မှစ၍ ခြောက်ရက်တာ ကာလအတွင်း ပြင်းထန်သောလျင်များ အကြိမ် ၄၇၀၀ ကျော် ဆက်တိုက်လှုပ်ခတ်ခဲ့ပြီးနောက် ဇူလိုင် ၁၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီတာ ၂၀၀ ခန့်ရှည်လျားသော အက်ကြောင်းတစ်ခုအတွင်းမှ ချော်ရည်နှင့်မီးခိုးများထွက်လာခဲ့ကြောင်း၊ သို့သော် ဒေသခံပြည်သူများနှင့် မြို့တော်၏ နိုင်ငံတကာလေဆိပ်တို့ကိုထိခိုက်မှု မရှိနိုင်ကြောင်း အာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

"မီးတောင်ပေါက်ကွဲမှုက ကြီးမားမှုမရှိသေးပါဘူး။ ဒေသခံတွေနဲ့ လေကြောင်းလိုင်းတွေကို အန္တရာယ်ပေးနိုင်တဲ့အဆင့်မှာ မရှိပါဘူး" ဟု အိုက်စလန်မိုးလေဝသဌာန ဝန်ဆောင်မှုနှင့်သုတေသနဌာနခွဲမှ ပြောရေးဆိုခွင့်ရှိသူ Matthew Roberts က ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်မီးတောင်ပေါက်ကွဲမှုတွင်မူ မီးခိုးပြာများကောင်းကင်ပေါ်သို့လွင့်စဉ်ခဲ့ပြီး ရက်သတ္တပတ်ပေါင်းများစွာ ခရီးသွားလာရေးလုပ်ငန်းများတွင် အနှောင့်အယှက်ဖြစ်ခဲ့ရပြီး ဒေသခံရာပေါင်းများစွာ ဘေးလွတ်ရာသို့ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါမီးတောင်သည် ၂၀၂၁ ခုနှစ် မတ်လနှင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတို့တွင် ပေါက်ကွဲခဲ့သေးကြောင်း သိရသည်။

AZH

# ဂျပန်နိုင်ငံတွင် မြေပြိုကျမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံကျူရှူကျွန်းအနောက်တောင်ဘက်ပိုင်းတွင် ဇူလိုင် ၁၀ ရက်အစောပိုင်းက မြေပြိုကျမှုကြောင့် တံတားတချို့ပျက်စီးကာ ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Head Topics သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ပျောက်ဆုံးနေကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း၊ သေဆုံးသူမှာ ကျူရှူကျွန်း ဖူကူအိုကာစီရင်စုမှဖြစ်ပြီး မြေပြိုကျမှုကြောင့် နေအိမ်ပျက်စီးခဲ့သဖြင့် နေအိမ်အတွင်း၌ပင် သေဆုံးသွားခဲ့ကြောင်း ကျူရှူကျွန်းကယ်ဆယ်ရေးအဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း၊ သေဆုံးသူမှာ အသက် ၇၀ အရွယ်အမျိုးသမီးဖြစ်ပြီး မြေပြိုကျချိန် နေအိမ်အတွင်းမှအချိန်မီ ပြောင်းရွှေ့နိုင်ခြင်းမရှိသည့်အတွက် သေဆုံးသွားခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူသုံးဦးမှာ ဆာဂါစီရင်စုမှဖြစ်ကာ မြေပြိုကျမှုကြောင့် နေအိမ်အတွင်း ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း ကျူရှူကျွန်းကယ်ဆယ်ရေးအဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ကျူရှူကျွန်းမှာ မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ မိုးရေချိန်ဟာ ဇူလိုင် ၁၀ ရက်အစောပိုင်းမှာ မီလီမီတာ ၂၀၀ ထိ မြင့်တက်နေတယ်။ မိုးရေချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးလာနိုင်ပါတယ်"ဟု ဂျပန်မိုးလေဝသအေဂျင်စီမှမိုးလေဝသခန့်မှန်းပညာရှင် ဆာတိုရှီက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ရပြီး ရေကြီးရေလျှံမှု အဆိုးရွားဆုံးဖြစ်ပေါ်နေသော စီရင်စုများမှာ ဖူကူအိုကာစီရင်စုနှင့် အိုအိုင်တာစီရင်စုတို့ဖြစ်သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဟီရိုရှီးမားစီရင်စုနှင့် ဖူကူအိုကာစီရင်စုသို့ ပြေးဆွဲနေသည့် ကျည်ဆန်ရထားကိုလည်း ယာယီဆိုင်းငံ့ထားကြောင်း ကျူရှူကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ရိုင်းဆက်**



# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မုတ်သုံမိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် မြေပြိုမှုဖြစ်

**နယူးဒေလီ ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ယခုသီတင်းပတ်ကုန် ရက်များအတွင်း မုတ်သုံမိုးရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မြေပြိုမှုဖြစ်ပွား၍ နေအိမ်များ ပျက်စီးခဲ့ပြီး အနည်းဆုံးလူ ၁၅ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ဇူလိုင် ၁၀ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ DW သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များတွင် ရေကြီးခြင်း၊ မြေပြိုခြင်းများကြောင့် အနည်းဆုံးလူ ၁၅ ဦးသေဆုံးခဲ့ပြီး နေအိမ်များ ရေနှင့်မျောပါ ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

မုတ်သုံမိုး အဆက်မပြတ်ရွာသွန်းမှုများကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ဇူလိုင် ၈ ရက်က ရေကြီးမှုကြောင့် တံတားတစ်စင်းပြိုကျခဲ့ပြီး နေအိမ်အများအပြား ရေနှင့်မျောပါခဲ့ကြောင်း၊ မိုးရွာသွန်းမှုများကြောင့် လမ်းများ၊ တံတားများပေါ်ရှိ မော်တော်ယာဉ်များပေါ်တွင် ပိတ်မိနေသူများကို အာဏာပိုင်များက ရဟတ်ယာဉ်များအသုံးပြု၍ ကယ်တင်ခဲ့ရကြောင်းသိရသည်။

ဟိမဝန္တာတောင်တန်းဒေသရှိ ဥတ္တရာခန်ပြည်နယ်တွင်လည်း ယခုသီတင်းပတ်ကုန်ရက်များအတွင်း မုတ်သုံမိုးရွာသွန်းမှုကြောင့် အဓိကအဝေးပြေးလမ်းမကြီးပေါ်တွင် မြေပြိုမှုများကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သကဲ့သို့ နယူးဒေလီမြို့တော်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စာသင်ကျောင်းများကို ပိတ်ထားရကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် အဆိုပါရေကြီးရေလျှံမှုအခြေအနေများကို ဖြေရှင်းဆောင်ရွက်ရန် ဇူလိုင် ၁၀ ရက်က အစိုးရဝန်ကြီးများနှင့်တွေ့ဆုံခဲ့ပြီး အစိုးရထံမှ အကူအညီ၊ အထောက်အပံ့အားလုံးရရှိရန် အာမခံခဲ့ကာ ပြည်သူလူထု၏ ထိခိုက်နစ်နာမှုများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်ပေးရန် လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်ရုံး၏ တွစ်တာစာမျက်နှာ၌ ရေးသားထားကြောင်း သိရသည်။ AZH

# ဖီဂျီတီသျှကိုလံဘီယာပြည်နယ်တွင် တောမီး ထိန်းချုပ်ရခက်သည့်အဆင့်ရောက်ရှိသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား

**အော့တဝါ ဇူလိုင် ၁၁**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး အဆိုပါတောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် ဒေသတချို့တွင် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက် ထုတ်ပြန်ထားသည်ဟု PI Queen News သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသည့်ဒေသများမှာ နီချာကိုဒေသနှင့် ကာရီဘိုဒေသတို့ဖြစ်ပြီး ၎င်းဒေသများမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း သိရသည်။

"ဘလူးမောင်တိန်လမ်းနဲ့ ကန်နာလမ်းကြားမှာရှိတဲ့ အမှတ် ၂၄ အမြန်လမ်းမကြီးမှာ တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေတဲ့ ဧရိယာဟာ ၁၂ ကီလိုမီတာထိရှိပါတယ်။ အန္တရာယ်များတဲ့အခြေအနေကြောင့် အမှတ် ၂၄ အမြန်လမ်းမကြီးကို အသုံးမပြုကြဖို့တိုက်တွန်းအပ်ပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုသည် တက်ရှ်ခရီဧရိယာရှိ အမှတ် ၂၄ အမြန်လမ်းပေါ်ထိ ကူးစက်လောင်ကျွမ်းနေသည့်အတွက် ဗြိတိသျှကိုလံဘီယာ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အဆိုပါလမ်းမကြီးကို ယာယီပိတ်ထားကြောင်း ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုတွေဖြစ်ပွားနေတဲ့အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ နီချာကိုဒေသနဲ့ ကာရီဘိုဒေသတို့မှာလောင်ကျွမ်းနေတဲ့တောမီးဟာ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်တဲ့အတွက် ဒီဒေသတွေက တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ အနီးဆုံးနေရာမှာနေထိုင်တဲ့ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

**ရိုင်းဆက်**

# နယူးဆောက်ဝေးပြည်နယ်တွင် အယ်လ်နီညို ရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ပြီး တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်

**ကင်ဘာရာ ဇူလိုင် ၁၁**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ပြီးခဲ့သောနှစ်နှစ်တာကာလအတွင်း လာနီညာရာသီဥတုကြောင့် စိုစွတ်သည့်ရာသီဥတုဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့်ရင်ဆိုင်ရဖွယ်ရှိနေကာ တောမီးလောင်ကျွမ်းမှုအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း နယူးဆောက်ဝေးမီးသတ်တပ်ဖွဲ့က ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု The New Daily သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဆောက်ဝေး ဒေသခံများအနေဖြင့် မကြာမီ တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လည်း သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ နယူးဆောက်ဝေးပြည်နယ်တွင် ပြီးခဲ့သောရက်သတ္တပတ်ကလည်း နေရာ ၆၀ ကျော်ထိ မြက်ခင်းပြင်မီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မြက်ခင်းပြင်မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်ထိ အသုံးပြုခဲ့ရကြောင်း နယူးဆောက်ဝေးပြည်နယ်မီးသတ်တပ်ဖွဲ့ထုတ်ပြန်ချက်အရသိရသည်။

"နယူးဆောက်ဝေးပြည်နယ်တစ်လျှောက် ပူပြင်းခြောက်သွေ့တဲ့ရာသီဥတု ဖြစ်ပေါ်နေပါတယ်။ မကြာမီ တောမီးလောင်ကျွမ်းမှုတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် နယူးဆောက်ဝေးပြည်နယ်တစ်လျှောက် တောမီးလောင်ကျွမ်းနိုင်ဖွယ်ရှိနေတဲ့နေရာတွေကို ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့က အချိန်ပြည့်စောင့်ကြည့်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာရင်လဲ ချက်ချင်းငြိမ်းသတ်နိုင်ဖို့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေလဲ ပြုလုပ်ထားပါတယ်"ဟု နယူးဆောက်ဝေးမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဘင်ရှီဖက်က ပြောကြားသည်။ **ရိုင်းဆက်**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family







၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀၊ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ အကွက်အမှတ်-၃၊ ရုံးအနောက်ကွင်း၊ ဦးပိုင်အမှတ်-၄၀/က၊ ဧရိယာ(၀. ၁၀၀)ဧက၊ ဒေါ်ဆုပ်အမည်ပေါက်မြေကွက်အား သမီး/ချွေးမဖြစ်သူ ဒေါ်ခင်ဝင်းမူ (၅/တမန(နိုင်)၀၃၉၈၉၆)အမည် သို့ ပြောင်းလဲပေးရန် လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်နေ့မှ စ၍ (၁၅)ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**အင်းတော်မြို့**

## “မုဒြာ အကြော်ပြင်” တိုင်းရင်းဆေးခန်း အတွက် ဝန်ထမ်းအလိုရှိသည်

- **ကွန်ပျူတာစာရိုက်ကျွမ်းကျင် မ (၂)ဦး**
  လစာ-(ညှိနှိုင်း)
- **အကြော်ပြင်(အကူ) ကျား/မ(လူပျို/အပျို) (၅) ဦး**
  အခြေခံပညာအထက်တန်းအဆင့်၊ (အကြော်ပြင်ပညာ သင်ကြားရန် စိတ်ဝင်စားသူများသာ)
  လစာ-(ညှိနှိုင်း)

(CV Form + ထောက်ခံစာအပြည့်အစုံ)

**မုဒြာ အကြော်ပြင်- ၇၄လမ်း၊၂၈× ၂၉လမ်းကြား၊ မောက်မယ်ဝင်း၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။**

ဖုန်း/ 09-964064499

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ချင်ဟွ (ဘ) ဦးလီချန်ဂျင် (ခ) ဦးသိန်းမောင် (၉/မနမ(နိုင်)၀၉၂၇၀၀)၊ချမ်းအေးသာစံမြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-557132) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၉၈၉၈၈၄၂၈

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၊ အိတ်ပိတ်လေလံလျှောက်လွှာခေါ် ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်ပိုင်၊ မြို့သစ်ရပ်ကွက်ရှိ နှစ်(၃၀)ဂရန်ရရှိပြီး အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ် (၇-ခ/၁)၊ (၇-ခ/၂)၊ (၇-ခ/၃)၊ ဧရိယာ(၂. ၅၆၃)ဧကမြေနေရာအား အိတ်ပိတ်လေလံစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

- အိတ်ပိတ်လေလံလျှောက်လွှာရောင်းချရက် - (၁၅-၇-၂၀၂၃)မှ(၃၁-၇-၂၀၂၃)အထိ
- အိတ်ပိတ်လေလံနောက်ဆုံးပေးပို့ရမည့်ရက် - ၂-၈-၂၀၂၃ ရက် (၁၆း၀၀)နာရီ
- အိတ်ပိတ်လေလံရောင်းချမည့်နေရာ - စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုရုံး၊ ရန်နိုင်ရပ်ကွက်၊ စဉ့်ကိုင်မြို့။
- အိတ်ပိတ်လေလံဖွင့်မည့်နေ့ရက် - ၃-၈-၂၀၂၃ ရက်၊ နံနက်(၁၀း၀၀)နာရီ

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း- ၀၉-၄၂၅၈၆၀၆၀၆၊ ၀၉-၇၉၀၁၅၀၆၈၈၂၊ ၀၉-၂၅၆၅၂၇၇၀၈


ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ


## ဖခင်အမည်မှန်

မန္တလေး၊အမရပူရမြို့နယ်၊အ. ထ. က(ရွှေကြက်ယက်) Grade-11 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇေယျာအောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း (၉/မရတ(နိုင်)၀၈၆၀၇၄)**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်နေ မရွှယ်ကြီး (ဘ) ဦးဘုဆိုင်ဂမ် (၁/မညန(နိုင်) ၀၇၃၂၂၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-048355) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၁၂၈၆၁


သင့်သွေးဖြင့် အသက်ကယ်ပါ


## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မသင်းသင်းကြည်(ဘ) ဦးအောင်စိန်(၁၄/ပသန(နိုင်)၀၄၆၉၅၁) ၏နိုင်ငံကူးလက်မှတ်အမှတ် (MA-239488) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၉၇၂၆၁၁၁

## ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နေ မဇိုင်ရည်မှန်(ဘ) ဦးမြစိုး (၁၄/မအန(နိုင်)၂၅၁၅၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-699993) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၄၇၉၄၉၂၈


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပြည်သူနှင့်တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်...

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်...

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏အားဖြစ်...

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။






ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စာမျက်နှာ ၂၁ ကော်လံ ၁☆

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ သတင်းထုတ်ပြန်** စာမျက်နှာ - ၂၅

**ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပြည်တွင်း၊ပြည်ပ ဘုရားဖူးဦးရေ ၆ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ခဲ့** စာမျက်နှာ - ၂၇

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

(၁၁-၇-၂၀၂၃)

| | | | |
|---|---|---|---|
| တောင်တွင်းကြီး၊ | ၃ ဒသမ ၅၅ လက်မ | တောင်ငူ | ၂ ဒသမ ၆၃ လက်မ |
| ခန္တီး | ၃ ဒသမ ၂၇ လက်မ | မိုးကောင်း၊ | ၂ ဒသမ ၅၂ လက်မ |
| | | သာပေါင်း | ၂ ဒသမ ၄၀ လက်မ |

